ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ စနေနေ့၊ (4-3-2006) (၄၈၈၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာနှင့် ဘုတလင်မြို့နယ်အတွင်း မြေစည်းရိုးကြက်ဆူပင် ပျိုးထောင်မှု ကြည့်ရှုစစ်ဆေး စံပြကျေးရွာ ဆေးခန်းလွှဲအပ်ပွဲနှင့် စပါးနှင့်ဝါ စုပေါင်းစိုက်ပျိုးပွဲ တက်ရောက်အားပေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ရေဘုတလင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၃

မုံရွာမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက် နံနက် ၇ နာရီ ၅၅ မိနစ်တွင် ဘုတလင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိ၍ ကြက်ဆူပင်မျိုးကိုင်း နှစ်သောင်း၊ မျိုးစေ့နှစ်သောင်းနှင့် ပျိုးကိုင်းနှင့်အစေ့ချပျိုးပင် တစ်သောင်း ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် သခွတ္တနယ် စံပြကျေးရွာ ဆေးခန်းသစ်ဖွင့်ပွဲ၊ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ဘုတလင်မြို့နယ် သခွတ္တနယ် စံပြကျေးရွာ ဆေးခန်းသစ်ကို ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် အလှူရှင် ဦးကျော်သောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲

ထူးခြားသည့် နေ့အပူချိန်

(၃-၃-၂၀၀၆)

စစ်ကိုင်း

၃၉ ဒီဂရီစင်တီဂရိတ်

(၁၀၂ ဒီဂရီဖာရင်ဟိုက်)

ကြေးမုံ The Mirror ခေါင်းကြီး ဆောင်းပါး အညွှန်း

* **တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများနှင့်အတူ သီးထပ်သီးညှပ် သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်နှင့်ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း ရေနက်ကွင်းများကို လယ်မြေများအဖြစ် ဖော်ထုတ်အသုံးပြုခြင်းတို့ကြောင့် သီးနှံစွမ်းအားတိုးတက်ခြင်း၊ အထွက်နှုန်းမြင့်မားခြင်း စသည့်အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီဖြစ်သည်။**

ခေါင်းကြီး (စာမျက်နှာ-၂)

---

* **'တပေါင်းသာခေါင်လများနောင်' ဟု အဆိုရှိပါသည်။ တစ်နှစ်လျှင် ၁၂လ ရှိသည့်အနက် တပေါင်းလသည် နောက်ဆုံးလဖြစ်ပြီး အခြားလများထက် ပို၍သာယာပါသည်။**

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်) ၏ **"တပေါင်းသာခေါင် လများနောင်တွင်"** ဆောင်းပါး (စာမျက်နှာ-၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(4-3)01.P65 1 1/6/32, 4:51 AM

ကြေးမုံ The Mirror

၄-၃-၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

အမျိုးသားရေးမူဝါဒနှင့်အညီ မြဲမြံစွာရပ်တည်
လယ်ယာကဏ္ဍ တိုးတက်အောင်မြင်ရေး အားသွန်ကြိုးပမ်း

မြန်မာနိုင်ငံသည်ရေ၊ မြေသယံဇာတ ပေါများကြွယ်ဝပြီး ရာသီဥတု ညီညွတ်မျှတသည့်အလျောက် စိုက်ပျိုးရေး ဖြစ်ထွန်းသော အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော် စီးပွားရေး၏ ပင်မကဏ္ဍကြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုများ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေး ဦးတည်ချက် တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော်ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်လူဦးရေ၏ အများစုဖြစ်သည့် တောင်သူလယ်သမားများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်က မြင့်မားတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အလေးထား ဖော်ဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေးပို့သော ၂၀၀၆ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင် လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍–

နိုင်ငံတော်၏ အခြေခံအကျဆုံးသော စီးပွားရေးကဏ္ဍ ဖြစ်သည့်အပြင် နိုင်ငံသူ၊ နိုင်ငံသား အများစုဖြစ်သည့် တောင်သူလယ်သမားကြီးများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် မြေသယံဇာတ၊ ရေသယံဇာတများကို အစွမ်းကုန် အသုံးချနိုင်စေရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများရရှိရေးနှင့် စက်မှုစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးတို့ကို နိုင်ငံတော်က အထူးအားပေး ဆောင်ရွက်လျက်ရှိပါသည်

ဟူ၍ ဖော်ပြပါရှိသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် လိုအပ်ချက်များကို အခါမလပ် ကူညီပံ့ပိုး ပေးလျက်ရှိရာတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို အဓိကထား၍ စီမံဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး လုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က ဘဏ္ဍာငွေ အမြောက်အမြားသုံးစွဲ၍ စိုက်ပျိုးရေရရှိရေး အစီအမံများကို ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံ ၁၈၃ ခုနှင့် မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၃ ခုအထိ တိုးတက် ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါစိုက်ပျိုးရေရရှိရေး အစီအမံများကြောင့် လယ်ယာစိုက်ပျိုးမြေဧက ၂ဒသမ၄သန်း ကျော်ကို အကျိုးပြုနိုင်ခဲ့ပြီဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများနှင့်အတူ သီးထပ်သီးညှပ် သီးနှံများ တိုးချဲ့စိုက်ပျိုး နိုင်ခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်နှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အသုံးပြုနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း ရေနက်ကွင်းများကို လယ်မြေများအဖြစ် ဖော်ထုတ်အသုံးပြုလာနိုင်ခြင်းတို့ကြောင့် သီးနှံစိုက်စွမ်းအား တိုးတက်ခြင်း၊ အထွက်နှုန်းမြင့်မားခြင်း စသည့်အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီ ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒအပေါ်တွင် မြဲမြံစွာ ရပ်တည်လျက် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု လွှမ်းခြုံစေရန်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုတို့ ခိုင်မာသည်ထက် ခိုင်မာစေရန် ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် ပြည်သူများ၏ လိုလားတောင့်တချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ မူဝါဒလမ်းစဉ်နှင့်အညီ အမျိုးသားညီလာခံ ကျင်းပခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမား ကိုယ်စားလှယ်များ အပါအဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ညီလာခံ၏ လုပ်ငန်းများ အရှိန်မှန်မှန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံတော်ကြီး တည်တံ့ခိုင်ခံ့မြဲမြံစွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် တောင်သူလယ်သမားကြီးများအားလုံးက နိုင်ငံတော်၏ ကူညီပံ့ပိုးအားပေးမှုများနှင့် အတူ လယ်ယာစိုက်ပျိုးရေး ကဏ္ဍ တိုးတက်အောင်မြင်စေရေး အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင်အကြို တရားပွဲများအဖြစ် မတ် ၄ရက် (စနေနေ့)တွင် ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ မတ် ၅ရက် (တနင်္ဂနွေနေ့)တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်)တို့က ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မိုးကုတ်ဝိပဿနာ တစ်လတရားစခန်းပွဲ

ရန်ကုန် မတ် ၃

ဧရာဝတီတိုင်း၊ ဇလွန်မြို့၊ မြို့သစ်ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၉၆)ဓမ္မရိပ်သာ ကြီးတွင် ဧပြီ ၆ ရက်မှ မေ ၅ ရက်အထိ ကျင်းပမည့် အကြိမ်(၆၀)မြောက် တစ်လ စခန်းပွဲ၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မကထိက ဦးပညာတိက္ခ သန်လျင်မြို့နှင့် ဓမ္မကထိကဆရာကြီး ဦးကျော်စိန်၊ ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့က သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ်များကို ခန္ဓာဉာဏ်ရောက် ဟောပြော ပြသမည်ဖြစ်သည်။

တရားစခန်းဝင် ယောဂီများသည် အထက်ပါ ရိပ်သာတွင်လည်းကောင်း၊ ဆရာကြီး ဦးကျော်စိန် အမှတ်(၅၁–ဘီ)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၅၄၄၃၅ နှင့် ဆရာဦးအေးဖေ–ဖုန်း–၅၈၀၇၄၇၊ အမှတ်(၁၂–က)၊ (၂၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်မြောက်လမ်းဆုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)သို့လည်းကောင်း ဆက်သွယ်စာရင်း ပေးပို့နိုင်ကြောင်း သိရသည်။ (က–ပ)

Tourist Maps of Myanmar အခမဲ့စတင်ဖြန့်ချိ

ရန်ကုန် မတ် ၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Design Printing Services Co., Ltd. (D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ခုနှစ်မှ စတင်လျက် နှစ်စဉ်စောင်ရေ ၁၁၄၀၀၀ကျော် စီစဉ်ပုံနှိပ်ဖြန့်ချိလျက်ရှိရာ ယခု ပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Tourist Maps of Myanmar (TMM-16) ကို အခမဲ့ဖြန့်ချိနေပြီ ဖြစ်သည်။



မွမ်းမံထည့်သွင်း

Tourist Maps of Myanmar (TMM-16) တွင် မြန်မာပြည် အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီးအသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ မြိတ်မြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ လေကြောင်းလိုင်းများ၊ ပို့ဆောင်ရေးကုမ္ပဏီများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၏ တည်နေရာ တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများ အနေဖြင့် ထိုခရီးသွားလမ်းညွှန်မြေပုံ၏ အကူအညီနှင့် မြန်မာနိုင်ငံတွင်းရှိ စိတ်ဝင်စားဖွယ်ရာ နေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် လေ့လာနိုင်မည် ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင်လည်းကောင်း၊ Design Printing Services Co., Ltd. (D.P.S) တွင် လည်းကောင်း ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်သည်။

ဖြန့်ဝေပေးမည်

D.P.S မှ ထုတ်ဝေပြီးဖြစ်သော မြေပုံအားလုံးကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဖြူးလျက်ရှိရာ ၂၀၀၆ခုနှစ် မတ် ၈ ရက်မှ ၁၂ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် (ITB Berlin-2006)တွင် တစ်ကမ္ဘာလုံးမှ လာရောက်ကြမည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများကို ဖြန့်ဝေပေးမည်ဖြစ်သည်။

ဆက်သွယ်ထုတ်ယူနိုင်

ဆက်သွယ်ထုတ်ယူနိုင် သည့်လိပ်စာမှာ အမှတ်(၁၆၅–၁၆၇)၊ ပထမထပ်၊ (၃၅) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel: (95-1) 204020, 204092 Tel/Fax: (95-1) 245230 ဖြစ်သည်။ (သတင်းစဉ်)

မတ် ၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ်(၂၅) (၂၆) ဖွင့်ပွဲတွင် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်အောင်ထံ အလှူရှင်တစ်ဦးက အလှူငွေပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တပေါင်းသာခေါင် လများနောင်တွင်

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

"ခက်ချင်းညှာဆိုင်နှင့်
ဂေါ်ငုံခိုင်ထုံလှိုင်ပျံ့ပါဘိ
ညှင်းညှံ့လေပြည်။
ရွက်အုပ်ကယ်ဝေ၊ မိန်နွေလရက်ပိုင်း
သုံးဘောင့်ထွတ်စွန်၊ မြတ်ဖျားသယံမွန်မှ၊
သာအလွန်စာညွန်ဟောခဲ့တယ်၊
တောနဲ့တောင်တိုင်း။"

(ဦးကြင်ဥ)

တပေါင်းလတွင် သစ်ပင်ပန်းမန်တို့သည် ရွက်ဟောင်းများကြွေ၍ ရွက်သစ်တို့ ဝေဝေဆာဆာ ထွက်လာကြသောအချိန် ဖြစ်ပါသည်။

တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲတော်ဖြစ်သည်။ သဲများကိုစုပုံ၍ စေတီအသွင်တည်ကာ သဗ္ဗညုတ မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တပေါင်းလသို့ ရောက်သည့်အခါ မြစ်များ၊ ချောင်းများ၌ ရေစစ်ကာ သဲခုံ သောင်ခုံ ဖြူဖြူဖွေးဖွေးများ ပေါ်ထွန်းလာလေ့ရှိပါသည်။ တောင်သူဦးကြီးတို့သည် လယ်ယာလုပ်ငန်းများမှ အနားယူချိန်လည်း ဖြစ်ပါသည်။ ထိုအချိန်တွင် ရေးမြန်မာမင်းများသည် ထိုသဲပုံစေတီပွဲကို ရာသီပွဲအဖြစ်သတ်မှတ်ကာ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာများအထိ ခြိမ့်ခြိမ့်သဲသဲ ဆင်ယင်ကျင်းပခဲ့ကြသည်။

တပေါင်းလသာယာပုံကို စာဆိုအရှင်ဥတ္တမကျော်က **"လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သီဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံး လင်းသား"** ဟုဖွဲ့ဆိုခဲ့ပါသည်။

'တပေါင်းသာခေါင် လများနောင် 'ဟုအဆိုရှိပါသည်။ တစ်နှစ်လျှင် ၁၂ လရှိသည့်အနက် တပေါင်းလသည် နောက်ဆုံးလဖြစ်ပြီး အခြားလများ ထက်ပို၍ သာယာပါသည်။ သဘာဝပတ်ဝန်းကျင် အခြေအနေအရ ဆွဲဆောင်မှုအရှိဆုံးလဖြစ်သည်။ ရာသီပန်းများဖြစ်ကြသော အင်ကြင်း၊ သရဖီ၊ ကံ့ကော်တို့ ပွင့်ကြသည်။ ဆောင်းကုန်၍နွေသို့ စတင်ဝင်ရောက်ချိန် ဖြစ်သည်။

တပေါင်းလ၌ တောလမ်းခရီးဖြင့်သွားလျှင် အလွန်သာယာသည်။ တောပန်း၊ တောင်ပန်းများ ဝေဝေဆာဆာပွင့်နေသကဲ့သို့ အချို့အပင်များရှိ သစ်ရွက်တို့ကလည်း ရင့်ရော်ကာနီဝါရောင်သန်းနေကြသည်။ ရွက်ဝါတို့က လည်း ဝေ့ဝေ့ဝဲဝဲ ကြွေကျလျက်ရှိပါသည်။ တောခြေနှင့် တောင်တန်းများကို လှမ်းမျှော်ကြည့်လျှင် မင်းလွင်ခေါ်မြူမှုန်ပါးပါးတို့ ဝေ့ဝိုက်လွှမ်းခြုံနေတတ် သည်။ အဝေးမှလွင့်ပျံ့လာသော ဥသြငှက်တွန်သံကိုလည်း သဲ့သဲ့ကြားနိုင်ပါ သည်။

ဖိုးသူတော်ဦးမင်းက လတပေါင်း၏ပုံပန်းကို **"မိန်သမိုက်ပေမို့၊ တိမ်တိုက်ကယ်မိလ္လာမှာ၊ မိန်ပြာပြာမြူကျင်းလျှင်၊ ကူမင်းလွင်ကာခြုံလို့၊ မာလာစုံထုံသောက်သည်နှင့်"** ဟူ၍ဖွဲ့ဆိုခဲ့သည်။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တပေါင်းလအခါတွင် တောလမ်းခရီးမှ ကြွခဲ့ဖူးသည်။ ကာဠုဒါယီ မထေရ်၏ လျှောက်ထားချက်အရ ခမည်းတော်သုဒ္ဓေါဓနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့အား တရားဟောကြားရန် ကြွရောက်ခြင်းဖြစ်သည်။ တပေါင်းလ၏ တောတောင်ရေမြေသည် အလွန်လှပသည်ဖြစ်ရာ တောလမ်းခရီးမှကြွလာသော ဘုရားရှင်နှင့် သံဃာတော်တို့လည်း စိတ်ကြည်နူးချမ်းမြေ့ကြသည်။ ကာဠုဒါယီမထေရ်သည် မြတ်စွာဘုရား သခင်အား တပေါင်းလ၏သာယာပုံများကို ဂါထာဖွဲ့၍ လျှောက်ထားရာ ဂါထာပုဒ်ရေပေါင်း ၆၄ ပုဒ်ရှိသည်။ မှတ်ရလွယ်အောင် ဂါထာခြောက်ဆယ်ဟု ခေါ်ကြသည်။ နောင်ခေတ်တွင် ရဟန်းစာဆို ရှင်အုန်းညိုက **"ဂါထာခြောက်ဆယ်ပျို့"** ဟူ၍ ရေးသားပြုစုခဲ့ရာ မြန်မာစာပေတွင် အလွန်ထင်ရှားပါသည်။

"ရွှေနှိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊ တောက်သည့်မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌" ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက စာဖွဲ့ခဲ့ပါသည်။

"မိန်ရာသီဟု၊ သရဖီ ပိတောက်၊ ခိုင်မြောက်ညွှတ်ညောင်း၊ ဝတ်မှုန်လောင်းလည်း၊ တပေါင်း လသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ" ဟု စာဆိုဆီသည်ရွာစား ဦးအောင်ကြီးက တပေါင်းလ၏ သာယာဟန်ကို ဖွဲ့ဆိုခဲ့ပါသည်။

တပေါင်းလတွင် ဘာသာရေးပွဲသဘင်အဖြစ် ဗုဒ္ဓပူဇနီယပွဲများ ကျင်းပချိန်ဖြစ်သည်။ အမြို့မြို့အနယ်နယ်တွင် ကျင်းပကြသော ဗုဒ္ဓပူဇနီယပွဲတော်တို့သည် စည်ကားလှသည်။ မြန်မာပြည် အနယ်နယ် အရပ်ရပ်မှ ထွက်ကုန်ပစ္စည်းများကို ဆိုင်ခန်းများ ဖွင့်လှစ်၍ ရောင်းချကြ သည်။ ဇာတ်ပွဲ၊ ရုပ်ရှင်၊ ဆပ်ကပ်၊ မျက်လှည့်စသည့် ကြည့်ချင်စဖွယ် များလည်း ပါဝင်သည်။ စားစရာမုန့်ဆိုင်များကလည်း အမျိုးအမည် စုံလင်လှသည်။ အချို့ဘုရားပွဲများသို့ ကျေးလက်တောရွာများမှ နွားလှည်း များဖြင့် စုပေါင်း၍ လာရောက်လေ့ရှိကြသည်။ ဘုရားပွဲအနီးတွင် လှည်းအုပ် ကြီးများဖွဲ့၍ ညဥ့်အိပ်ညဥ့်နေ ချက်ပြုတ်စားသောက်ကြသည်။ အပြန်တွင် ဘုရားပွဲဈေးဆိုင်များမှ မိမိလိုရာပစ္စည်းများ ဝယ်ယူပြီး ပြန်ကြသည်။

တောတစ်ခွင်၊ တောင်အထု သာယာခြင်းအပေါင်း စုဝေးနေသည့် အချိန်ဖြစ်ရာ ကျေးငှက်သာရကာတို့မှာလည်း လွတ်လပ်စွာ ပျော်ရွှင်မြူးထူး နေကြပေသည်။ တပေါင်းလမိန်ရာသီတွင် ရှင်မဟာရဋ္ဌသာရသည် ရွှေစက်တော်ဘုရားသို့ ဘုရားဖူးကြွခဲ့သည်။ ရွှေစက်တော်သွား တောလမ်း ခရီး၏ ကြည်နူးသာယာဖွယ်ကောင်းလှပုံကို ရှင်မဟာရဋ္ဌသာရက ရွှေစက်တော်သွားတောလားတွင်–

"တောတောင်ဝန်းကျင်၊ သို့ရာတွင်မူ၊ အကြင်ပျောင်းသူ၊ လန်းစေဟူသို့၊ လှုံ့ဆူထွေပြား၊ ငှက်အများလည်း၊ ပျားသို့ချိုအေး၊ ရင့်ရှုကြွေးလျက်၊ မောင်ထွေးတို့လော၊ မယ်ထွေးလောဟု၊ သဘောနှုတ်ဆက်၊ မေးကြလျက်တည့်" ဟူ၍လည်းကောင်း၊

"တောကြက်တွန်မြူး၊ ကျေးငှက်ကျူး၍၊ သံကျူးမြည်စည်၊ စက်ရိပ် လည်လျက်၊ နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်က ကြိုးခွေ၊ ဒေါင်းအိုးဝေနှင့် သံခြေကြွေးကြော်၊ ဖိုမခေါ်လျက်" ဟူ၍ လည်းကောင်း ဖွဲ့ဆိုခဲ့သည်။

တပေါင်းလ၏ သာယာပုံကို မဟာအတုလမင်းကြီးက **"မြိုင်ခြေငယ် သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ၊ ဝတ်မှုန်ငယ်စီသည်၊ မြစ်နဒီသောင်တခိုက၊ မောင်မယ်ညို မြူးပြန်တော့တယ်လေ၊ ရာသီမိန်ငယ်၊ ဂိမ္ဘာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ၊ ဥတ္တရာနှင့် ကြယ်မှာ ဘဒြာပိုဒ်၊ လေးချက်ချိန်ကိုက်၊ တိမ်ခြေဆိုက်လို့၊ စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလဲ၊ ဘာသာဒေါင်ဒင်၊ ပျော်မြူးသာရွှင်တော့တယ်၊ သဘင်လခါမီကို၊ သဲစေတီ ငွေသောင်ကမ်းက၊ လွမ်းလှတယ်လေး"** ဟု ဖွဲ့ဆိုခဲ့သည်။

တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင် ကျရောက်ပြီး ဒုတိယလဝက်သည် နွေရာသီတွင် ကျရောက်ကာ ဆောင်းကူးနွေစ သာယာလှသော လရာသီဖြစ်ပါသည်။ ဤသို့ ဆောင်းတစ်ဝက်၊ နွေတစ်ဝက်လဖြစ်သောကြောင့် **''သာသည့်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ ဖြည်းသား'**' ဟု အင်းဝခေတ် စာဆို အကျော် ရှင်အုန်းညိုက ဖွဲ့ဆိုခဲ့သည်။ နေ့အခါတွင် အတော်အသင့်ပူလာပြီ ဖြစ်သော်လည်း ညအခါတွင် ဆောင်းရာသီ၏ မြောက်လေညင်းနှင့် ဆောင်းနှင်းကြွင်းတို့ ရှိနေကြဆဲဖြစ်၍ ဆောင်းရိပ်ဆောင်းငွေ့ မပြယ်သေးဘဲ အေးမြအေးလျက် ရှိပါသည်။

''ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင်မြူမထောင်း၊ ညွန်ပျောင်းမချဉ်း၊ လေပြင်းမလာ'ဆိုသည့်အတိုင်း ရာသီဥတုမှာ မချမ်းလွန်း၊ မပူလွန်းပါ။ သဘာဝအခြေအနေ သာယာလှသဖြင့် အလွန်နေထိုင်၍ကောင်းသည့် လရာသီဖြစ်ပါသည်။

နွေဦးကာလတပေါင်းလသည် အညွန့်အဖူး ကွန့်မြူးဝေဖြာနေသော သစ်ပင် သစ်တောတို့ဖြင့် ကျက်သရေအရှိဆုံး၊ သာယာကြည်နူးဖွယ် အကောင်းဆုံးလဖြစ်သည်။

စာဆိုတော်လူဦးမင်းက တပေါင်းလရှုခင်းကို သူ၏လေးချိုးကြီးတွင် **"ယဉ်ယမုန်ငယ်၊ သုန်သုန်ဝေတက်၊ သဲငွေချက်ဝယ်၊ ကွန်ရက်ကယ် ပိုက်ကာ၊ ဒေါင်ဒင်ငြာလို့၊ တံငါမြစ်ယံ၊ ငါးကြင်းဆန်၍၊ ဂိမှာန်ခါနွေ၊ နှင်းကျန်သာဝေတော့တယ်၊ ဖြေမတန်၊ လွမ်းရန်ကို၊ ဘယ်ဘယ်ဉာဏ် တဒင်္ဂငယ်နှင့် ငြိမ်းရမယ်သိ"** ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

အနော်ရထာမင်းသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံတွင် စွယ်တော်မြတ်ကိုဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သည်။ ထိုစေတီတော်ကြီးမှာ သဲခုံပေါ်တွင် တည်ထားသဖြင့် ရွှေသဲခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာမှာ ကာလရွေ့လျားလာသည့်အခါ ရွှေစည်းခုံဟု ပြောင်းလဲခဲ့ပြီး ယခုတိုင် အထင်အရှားတည်ရှိနေပါသည်။

သဲပုံစေတီပွဲတော်နှင့် စပ်လျဉ်း၍ အင်းဝခေတ်စာဆိုအကျော် ရှင်မဟာ သီလဝံသဖွဲ့ဆိုသည့် ဗုဒ္ဓပ္ပတ္တိပျို့ စာမျက်နှာ ၂၇ တပေါင်းလဘွဲ့တွင် – **" ငါးတန် ငါးကြင်း ၊ ရွှေတသင်းတို့ ၊ မြစ်တွင်း မြူးပျော်၊ စင်ရော် မြစ်ထွေး၊ ချစ်သံလေးနှင့်၊ ရေကျေးရေငှက်၊ စက္ကဝက်ဟသ်ာ၊ ငှက်တကာ လည်း၊ ဘာသာကျူးကျော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ ပွဲတော်ပြီတည်း"** ဟုတွေ့ရှိရာ အင်းဝခေတ်၌ သဲပုံစေတီ ပွဲတော်ရှိနေပြီ ဖြစ်ကြောင်း သိရပေသည်။

ရှေးအခါက တောင်သူလယ်သမားဦးကြီးများ တည်ထားလေ့ရှိသော သဲပုံစေတီတော်များမှာ မူလတည်ထားစအချိန်တွင် ရိုင်ပတ်ဆင့်ပြီး တည်ထားလေ့ရှိကြောင်း၊ ရိုင်ပတ်များကို အဆင့်ငါးဆင့် တည်ဆောက်ကြ ကြောင်း၊ ဤအဆင့်ငါးဆင့်မှာ မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ပုံကို ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထိုအာလိန်ငါးဆင့်တွင် သန့်စင်သော သဲများဖြင့်အပြည့် သိပ်ရကြောင်း၊ ပြီးလျှင် တံခွန်၊ကုက္ကား၊ လှူဖွယ်ပစ္စည်း များဖြင့်ပူဇော်၍ အလှူအတန်းပွဲများ ပြုလုပ်ကြကြောင်း၊ နှစ်ကာလ ကြာသောအခါမှ အုတ်တို့ဖြင့် စေတီကိုငုံလျက် စေတီကြီးအဖြစ်သို့ ဆက်လက်တည်ဆောက်ခဲ့ကြကြောင်း သိရပါသည်။

သဲပုံစေတီ တည်ထားကိုးကွယ်ခြင်းသည် ရှေးအခါကပင်ရှိခဲ့သော ဘာသာယဉ်ကျေးမှုဖြစ်သည်ဟု ဗုဒ္ဓသာသနိက ကျမ်းများ၌ ဖော်ပြထား သည်ကိုလည်း တွေ့ရပါသည်။

ဤသို့ဖြင့် သက်ရှိထင်ရှားမြတ်ဘုရားကို ရည်စူး၍ တပေါင်း သာခေါင်လများနောင်တွင် သဲပုံစေတီတည်ထားကိုးကွယ်ကြသည့် အစဉ် အလာနှင့် ဗုဒ္ဓပူဇနီယ ပွဲတော်များကို မြန်မာတို့ နှစ်စဉ်ကျင်းပလျက် ရှိကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စိုက်ပျိုး

မတ် ၂ ရက်က အထက(၃)သာကေတ ကျောင်းဝင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်တွင် မြို့နယ်ပညာရေး မိသားစု (နယ်မြေ– ၃)ဥက္ကဋ္ဌ အထက(၃) သာကေတ ကျောင်းအုပ် ဆရာကြီး ဦးတင်ထွန်းနှင့် ဆရာ၊ ဆရာမများ၊ လူမှုရေး အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ ပျိုးအိတ်များထဲသို့ မျိုးစေ့များ ထည့်သွင်းစိုက်ပျိုးပေးစဉ်။ (ပညာရေး)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော် ကြီးအတွက် ကွယ်လွန်သူဖခင် ဦးဌေးကြူ၊ မိခင် ဒေါ်အေးသီ တို့အားရည်စူး၍ အလှူငွေကျပ်ငါးသိန်းကို မတ် ၃ရက်က သမီးဒေါ်အေးအေးဌေး၊ သား ဒေါက်တာမြင့်ဦးဌေးနှင့် ဦးတင်မောင်ဌေးတို့က ပေးအပ်လှူဒါန်းရာ အပြည်ပြည် ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ အတွင်းရေးမှူး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံရယူစဉ်။ (က–ပ)

စုပေါင်းဆောင်ရွက်

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ခြံစည်းရိုး ကြက်ဆူစေ့ ပျိုးပွဲကို မတ် ၁ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် လူမှုရေးအဖွဲ့အစည်းများမှ အသင်းဝင်များစုပေါင်း၍ မြေဩဇာအိတ်များအတွင်း ကြက်ဆူစေ့များထည့်သွင်း ပျိုးပွဲဆောင်ရွက်ကြစဉ်။ (၃၂)

အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ အခြားနှစ်ဦး ဒဏ်ရာရရှိ

ကဘူး မတ် ၂

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တာလီဘန် ပြောက်ကျားများသည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဇဂန်ပြည်နယ်တွင် အင်္ဂါနေ့က တိုက်ခိုက်ကြရာ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သက်ာမကင်း

အမေရိကန်အပေါင်းပါတပ်ဖွဲ့ဝင်များက အရှေ့ဇဂန်ပြည်နယ်တွင် ထိုးစစ်ဆင်နွှဲခဲ့ရာ တာလီဘန် ပြောက်ကျားဟု သက်ာမကင်းဖြစ်ရသူ ခုနစ်ဦးကို ဖမ်းဆီးခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အခြားတစ်ဦးသေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ပြန်တမ်းတွင် ဖော်ပြထားသည်။

ဖောက်ခွဲ

တာရင်ကိုဝီဒေသတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း အပေါင်းပါတပ်ဖွဲ့၏ မော်တော်ယာဉ်တစ်စီး လမ်းဘေး ဗုံးဖောက်ခွဲခံရသဖြင့် ပျက်စီးသွားခဲ့သည်။ အပေါင်းပါ တပ်ဖွဲ့ဝင်များက တာလီဘန် ပြောက်ကျားများကို လက်နက်ငယ်များဖြင့် တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။

ပြောင်းရွှေ့

ထိခိုက်ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်များကို အနီးရှိဆေးရုံသို့ ရွှေ့ပြောင်းထားရပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေသည် ကောင်းမွန်သည်ဟု ပြန်တမ်းတွင် ဖော်ပြထားသည်။

တာလီဘန်အစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၁ ခုနှစ်တွင် ပြုတ်ကျခဲ့ပြီးနောက် ၁၉၀၀၀ ခန့်ရှိ အပေါင်းပါတပ်ဖွဲ့ဝင်များ အာဖဂန်တွင် ဖြန့်ကြက်နေခဲ့ကြသည်။

၂၀၀ ကျော်

၂၀၀၁ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်နှင့် အနီးတစ်ဝိုက်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀ ကျော်ရှိသွားပြီ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်း အနောက်ပိုင်းရှိ ကျောက်မီးသွေး မိုင်းတွင်း၌ လုပ်ငန်းဆောင်ရွက်နေသည်ကို မတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်အနောက်တောင်ပိုင်း၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်

ကွီတာ(ပါကစ္စတန်) မတ် ၂

ပါကစ္စတန် အနောက်တောင်ပိုင်းပြည်နယ်တွင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဘလူချီစတန်အရပ်ရှိ ဓာတ်ငွေ့ပိုက်လိုင်းပေါက်သွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဓာတ်ငွေ့ပိုက်လိုင်းပေါက်

ဘလူချီစတန်အရပ်သို့ ပေးပို့သည့် ဆူအိတောင်ပိုင်း ဓာတ်ငွေ့ကုမ္ပဏီပိုင်ဖြစ်သောဓာတ်ငွေ့ပိုက်လိုင်းပေါက်သွားခဲ့ကြောင်း၊ ထိုဓာတ်ငွေ့လိုင်းပေါက်သွားခဲ့သော်လည်း အဆိုပါအရပ်သို့ အခြားပိုက်လိုင်းမှတစ်ဆင့် ဓာတ်ငွေ့များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း ကုမ္ပဏီမှ ပြောရေး ဆိုခွင့်ရှိသူ အရာရှိဖ်တာရန်က ရိုက်တာ သတင်းဌာနသို့ ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်နိုင်ငံ အမ်နီးစီးလ်မြို့ရှိ တိရစ္ဆာန်ရုံတွင် ကြက်ငှက်ရောဂါ ကာကွယ်ရေးထိုးနှံပေးနေသည်ကို မတ် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

တရုတ်နိုင်ငံ၏ နိုင်ငံခြား ကုန်သွယ်မှု ယခုနှစ်တွင် ပိုမိုမြင့်တက်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၈

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယမန်နှစ်က တိုးတက်နှုန်းမမြန်သော်လည်း ယခုနှစ်တွင် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

သွင်းကုန်ထုတ်ကုန်

ယခုနှစ်တွင် သွင်းကုန်နှင့် ထုတ်ကုန်တန်ဖိုး စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃ ထရီလီယံမှ ၁ ဒသမ ၇ ထရီလီယံသို့ ရောက်ရှိမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြား ကုန်သွယ်မှုဌာနမှ ညွှန်ကြားရေးမှူး လျူကျန်ဟွာက ပြောကြားသည်။

တိုးတက်လာ

တရုတ်နိုင်ငံ၏ နိုင်ငံခြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၀၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံရှိခဲ့ပြီး ၂၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်ဟု အကောက်ခွန်ဌာန စာရင်းဇယားများတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်က ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၂ ဘီလီယံရှိခဲ့ပြီး ၂၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၀ ဒသမ ၁၂ ဘီလီယံ၊ ၁၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းလျူက ပြောကြားသည်။

ပိုငွေရရှိ

တရုတ်နိုင်ငံသည် ယခုနှစ် အတွင်း ဆက်လက်၍ ကုန်သွယ်မှု ပိုငွေရရှိမည်ဖြစ်ကြောင်း လျူက ပြောကြားသည်။

ပိုမို

ပို့ကုန်မြင့်တက်မှုကြောင့် တရုတ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၉ ဘီလီယံရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်ကထက် အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၆ ဘီလီယံ ပိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်၌ အင်တာနက်အသုံးပြုသောကုမ္ပဏီ ၈၉ ရာခိုင်နှုန်းရှိ

ဟန္နိုင်း မတ် ၂

ဗီယက်နမ်နိုင်ငံတွင် အင်တာနက်ချိတ်ဆက်အသုံးပြုသော လုပ်ငန်းပေါင်း ၈၉ ရာခိုင်နှုန်းရှိကြောင်း ဒေသဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့က မကြာသေးမီက ပြုလုပ်ခဲ့သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ စီးပွားရေး လုပ်ငန်းများတွင် အင်တာနက်သုံးစွဲမှုသည် ၂၀၀၄ ခုနှစ် က ၅၄ ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ ခုနှစ်တွင် ၇၁ ဒသမ ၄ ရာခိုင်နှုန်းအထိပိုမိုသုံးစွဲလာခဲ့ကြောင်း၊ယမန်နှစ်က နိုင်ငံတစ်ဝန်းရှိ လုပ်ငန်းပေါင်း ၅၀၄ ခုကို စစ်တမ်းကောက်ယူခဲ့ကြောင်း၊ ကုန်သွယ်ရေး ဝန်ကြီးဌာန အောက်ရှိ အီး–ကော်မားစ်ဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် လူဦးရေ ၈၃ သန်းကျော်ရှိရာ ၂၀၀၅ ခုနှစ်ကုန်ပိုင်းအထိ အင်တာနက်ငှားရမ်းသုံးစွဲသူသည် ၁၀ ဒသမ ၇ သန်းရှိပြီး ဖုန်းငှားရမ်းသုံးစွဲ သူဦးရေသည် ၁၆ သန်းရှိသည်ဟု ဗီယက်နမ်နိုင်ငံ အင်တာနက် နက်ဝေါ်စ် သတင်းဌာနက ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်ကမ်းခြေတွင် လင်းပိုင် ၇၀ ခန့် သောင်တင်နေ

တိုကျို မတ် ၂

ဂျပန်နိုင်ငံ ပစိဖိတ်ကမ်းခြေတွင် လှိုင်းရိုက်ခတ်မှုကြောင့် လင်းပိုင်များ ကမ်းခြေပေါ်သို့ အင်္ဂါနေ့က ရောက်ရှိလာခဲ့ရာ လှိုင်းစီးသူများက ဒေသခံတာဝန်ရှိ ပုဂ္ဂိုလ်များကို ဆက်သွယ်ကာ ရေထဲသို့ပြန်လွှတ်ပေးရန် ကြိုးပမ်းခဲ့ကြသည်။

— လင်းပိုင် ၇၀ —

တိုကျိုမြို့တော်မှ မိုင် ၄၀ အကွာရှိ ရေလုပ်ငန်းလုပ်ကိုင်သည့် အီချီနိုမိယာမြို့၏ ကမ်းခြေပေါ်သို့ လှိုင်းနှင့်အတူ လင်းပိုင် ၇၀ ခန့် ရောက်ရှိလာပြီး တင်ကျန်ခဲ့သည်ဟု ဒေသခံတာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

— ကူညီ —

ဒါဇင်ချီရှိသည့် လှိုင်းစီးနေသူများက လင်းပိုင်များ တင်နေသည့်နေရာသို့ အလျင်အမြန်ရောက်ရှိလာခဲ့ပြီး အဆိုပါ လင်းပိုင်များအား ပင်လယ်အတွင်း ပြန်ရောက်ရှိစေရန် ကူညီဆောင်ရွက်ပေးခဲ့သည်။

လင်းပိုင်ငါးအများစုသည် နေဝင်ချိန်တွင် ရေထဲသို့ပြန်လည် ဆင်းသက်သွားကြသည်။ သို့ရာတွင် လင်းပိုင်အချို့သည် သေဆုံးဖွယ်ရှိသည်ဟု တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် စင်ကာပူကုမ္ပဏီတစ်ခုက ဖွင့်လှစ်ထားသော အဝတ်အထည်ဆိုင်တစ်ဆိုင်ကို မတ် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဖွဲ့စည်းရေးအစီအစဉ်ကို အမေရိကန် ပိတ်ပင်ရန် ကြိုးပမ်းနေဟု ကျူးဘားစွပ်စွဲ

ဟာဗားနား မတ် ၂

အမေရိကန်သည် ကုလသမဂ္ဂက အဆိုပြုထားသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ထူထောင်ဖွဲ့စည်းမည့်အစီအစဉ်အပေါ် ယင်း၏နယ်ချဲ့ အကျိုးစီးပွားကိုကြည့်ပြီး ပယ်ချရန် ကြံရွယ်နေကြောင်း ကျူးဘားက စွပ်စွဲပြောကြားလိုက်သည်။

ယခုရှိနေသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကို အစားထိုးရန်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌဖြစ်သူ ဂျန်အီလီယက်ဆန်က အဆိုပြုမှုအပေါ် အမေရိကန်က ဆန့်ကျင်မဲပေးရန် စီစဉ်နေသည်ဟု ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ယခုလက်ရှိ လူ့အခွင့်အရေးကော်မရှင်သည် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့၏ ခြယ်လှယ်မှုကို ခံနေရမှုကြောင့် ဂုဏ်သိက္ခာမရှိဖြစ်နေရသည်ဟု ကြေညာချက်တွင် ထပ်လောင်းဖော်ပြထားသည်။

နယ်ချဲ့စနစ်၏ ဗိုလ်ကျစိုးမိုးရေးနှင့် နိုင်ထက်စီးနင်းပြုမှုအပေါ် ဆန့်ကျင်သည့် မည်သည့်နိုင်ငံကို မဆို ဘေးဖယ်ထားနိုင်မည့် စည်းမျဉ်းများ ဖြင့်ဆောင်ရွက်နေသည်။ ၎င်းတို့၏ စည်းမျဉ်းများနှင့် ကိုက်ညီသည့် နိုင်ငံများကိုသာ အဖွဲ့ဝင် အဖြစ် ရွေးချယ်ရန် အမေရိကန်စိုးရက အမိအရ တောင်းဆိုသည်ဟု ကြေညာချက်တွင်ပါရှိသည်။ အမေရိကန်အစိုးရက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ခြယ်လှယ်မှုကို ခွင့်ပြုစေမည့် အမေရိကန်တောင်ပိုင်းဒေသမှ နိုင်ငံများအပေါ် အပြစ်ပေးကာ အရေးယူကန့်သတ်မှုများပြုလုပ်ရန် အခွင့်အာဏာရှိသည့် လူ့အခွင့်အရေးကောင်စီကို ထူထောင်ရန် ကြိုးပမ်းနေသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ရုရှားနိုင်ငံ မော်စကိုမြို့ အာကာသယာဉ်မှူးများ လေ့ကျင့်ရေးစခန်း၌ သင်တန်းသားတစ်ဦး လေ့ကျင့်နေသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီသီယိုးပီးယားတွင် ယာဉ်မတော်တဆဖြစ်ပွား၊ လူငါးဦးသေဆုံး

အဒစ္စအဘာဘာ မတ် ၃

အကြီးစားကုန်တင်ထရပ်ယာဉ်တစ်စီးသည် အီသီယိုပီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ ဟာရာမြို့မှ မြို့တော် အဒစ္စအဘာဘာသို့ ဦးတည်မောင်းနှင်လာစဉ် အိုရိုမီယာပြည်နယ်ရှိ မြို့တစ်မြို့တွင် ဗုဒ္ဓဟူးနေ့က တိမ်းမှောက်သွားရာ လူငါးဦး ပွဲချင်းပြီးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

အဆိုပါ ယာဉ်မတော်တဆဖြစ်မှုကြောင့် အီသီယိုပီးယားနိုင်ငံသုံးငွေ ဘာ ၄၀၀၀၀၀ ခန့် (၄၆၀၈၂ ဒေါ်လာ) နစ်နာဆုံးရှုံးခဲ့သည်ဟု ပြည်သူ့ဆက်ဆံရေးရဲအရာရှိ အလီမူက ပြောကြားသည်။

သေဆုံးသူတစ်ဦးတွင် အမျိုးသမီးတစ်ဦးလည်း ပါဝင်ကြောင်း၊ သေဆုံးသူများ၏ အလောင်းများကို အနီးအပါးရှိ ဆေးရုံသို့ စစ်ဆေးရန် တင်ပို့ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထရပ်ယာဉ် တိမ်းမှောက်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ကူဝိတ်နိုင်ငံ ကာဘတ်မြို့တွင် မကြာသေးမီက ကျင်းပသော ကုလားအုတ်ပြိုင်ပွဲ၌ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်သည့် ကုလားအုတ်နှစ်ကောင် ပန်းဝင်လာသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–ပေကျင်းရီဗျူး)

လော့စ်အိန်ဂျလိစ်မြို့တွင် ဇီဝဒီဇယ်သုံး အငှားယာဉ်စခန်းဖွင့်လှစ်

လော့စ်အိန်ဂျလိစ် မတ် ၂

ဇီဝဒီဇယ်ဆီသုံး အငှားယာဉ်များစခန်းကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် အင်္ဂါနေ့မှ စတင်၍ ဖွင့်လှစ်တော့မည်ဖြစ်ရာ မီးခိုးမြူနံ့ရနေသည့် အမေရိကန်လမ်းမကြီးများပေါ်တွင် ပြောင်းဖူးပေါက်ပေါက်နံ့နှင့် ဆီညှော်ကိတ်ရနံ့များ သင်းပြန့်နေတော့မည်ဖြစ်သည်။

လော့စ်အိန်ဂျလိစ်မြို့တွင် ယင်းစခန်းတစ်ခုသာ ဖွင့်နိုင်မည်ဖြစ်၍ ၎င်းသည် အခက်အခဲတစ်ခုပင် ဖြစ်သည်။

ဟာဝေယံကျွန်း မူအီဒေသတွင် လွန်ခဲ့သည့် သုံးနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် အဆိုပါ ဇီဝလောင်စာ အငှားယာဉ်စခန်းကို လော့စ်အိန်ဂျလိစ် နိုင်ငံတကာ လေဆိပ်အနီးတွင် ဟင်းရွက်ဆီသုံး လောင်စာဆီ ယာဉ်လေးစီးဖြင့် ဖွင့်လှစ်နေပြီဖြစ်သည်။

မိမိအနေဖြင့် လော့စ်အိန်ဂျလိစ်မြို့သို့လာရောက်ရန်ဆန္ဒရှိကြောင်း ကယ်လီဖိုးနီးယားမြို့သည်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့်မြို့ဖြစ်ပြီး လော့စ်အိန်ဂျလိစ်မြို့သည် ယာဉ်မြို့တော်ကြီးတစ်ခုဖြစ်နေကြောင်း ယင်းမြို့ထက် ဇီဝဒီဇယ်ဆီသုံးနိုင်သည့်မြို့ မတွေ့ရသေးကြောင်း အဆိုပါ အငှားယာဉ်စခန်းတည်ထောင်သူ ရှောင်စတင်ရှိုလ်က ပြောကြားသည်။

ဇီဝဒီဇယ်ဆီ တစ်ဂါလန်လျှင် အမေရိကန် ၃ ဒသမ ၄၅ ဒေါ်လာ တန်ဖိုးရှိပြီး ဓာတ်ငွေ့တစ်ဂါလန်ဈေးထက် တစ်ဒေါ်လာနီးပါး ပိုမိုဈေးကြီးသည်။ သို့ရာတွင် ယာဉ်များက ဓာတ်ဆီတစ်တိုင်ကီလျှင် မိုင် ၄၀၀ မှ မိုင် ၈၀၀ အထိ ခရီးသွားနိုင်သည်။ ဇီဝဒီဇယ်ဆီ ဖြည့်တင်းလိုသူများအတွက် တစ်နေရာသာရှိသေးကြောင်း၊ သို့ရာတွင် လော့စ်အိန်ဂျလိစ်မြို့တွင် ဇီဝဒီဇယ်ဆီ ဖြည့်ဆိုင်များ ဖွင့်လှစ်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း စတင်ရှိုလ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်မှ အီတလီတပ်ဖွဲ့ ယခုနှစ်အကုန်တွင် ရုပ်သိမ်းမည်

ဝါရှင်တန် မတ် ၂

အီတလီတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ ယခုနှစ်ကုန်တွင် အပြီးရုပ်သိမ်းမည်ဖြစ်ကြောင်း ဧည့်သည်တော် အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက ဝါရှင်တန်တွင် အင်္ဂါနေ့က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် အိမ်ဖြူ၌ တွေ့ဆုံပြီးနောက် သတင်းထောက်များကို အီတလီဝန်ကြီးချုပ် ဘာလူစကိုနီက အထက်ပါအတိုင်း ထုတ်ဖော်ပြောလိုက်ခြင်းဖြစ်သည်။

နှစ်ကုန်တွင် အီရတ်မှ အီတလီတပ်ဖွဲ့ဝင် ၃၀၀၀ ရုပ်သိမ်းရေး အစီအစဉ်အတိုင်း အခိုင်အမာရပ်တည်မည်ဟု ၎င်းက ပြောဆိုသည်။

ဤအစီအစဉ်ကို အီရတ်အစိုးရနှင့် မိမိတို့၏ မဟာမိတ်များက သဘောတူညီကြောင်း အီတလီတပ်ဖွဲ့ဝင်များသည် အီရတ် လုံခြုံရေးအရာရှိ ၁၀၀၀၀ လေ့ကျင့်သင်တန်းပေးခြင်းကို အကူအညီများပေးကြောင်း အီတလီဝန်ကြီးချုပ်က ရှင်းလင်းပြောဆိုသည်။

၂၀၀၅ ခုနှစ် မတ်လတွင် ဘဂ္ဂဒက်လေဆိပ်အနီး၌ အီတလီအေးဂျင့်နီကိုလာ ဘာလီပါရီကို အမေရိကန်စစ်တပ်က ပစ်သတ်ပြီးနောက် အမေရိကန်–အီတလီ ဆက်ဆံရေးတင်းမာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



မာဒါဂါစကာနိုင်ငံ ပင်လယ်ကမ်း ခြေ တွင် ရှားပါး ပင်လယ်လိပ် တစ်မျိုးကို မတ် ၁ ရက်က တွေ့ ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၂၀ သေဆုံး၊ ၄၀ ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၂

အီရတ်နိုင်ငံ၏မြို့တော် ဘဂ္ဂဒက်အရှေ့ပိုင်းဒေသတွင် ဗုဒ္ဓဟူးနေ့က ကားဗုံးပေါက်ကွဲမှု ဖြစ်သွားသဖြင့် သေဆုံးသည့် ဦးရေသည် ၂၀ အထိ တိုးမြင့်လာခဲ့ပြီး အခြားလူ ၄၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့သစ်ခရိုင်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးနံဘေးတွင် ကားဗုံးပေါက်ကွဲခြင်းဖြစ်ကာ နောက်ဆုံးသတင်းအရ သေဆုံးသူဦးရေ ၂၀ အထိ ရှိပြီး အခြားလူ ၄၀ ဒဏ်ရာရရှိခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။ ဘဂ္ဂဒက်အရှေ့ပိုင်းဒေသတွင် ရဲလှည့်ကင်းယာဉ်တစ်စီး နောက်ထပ်ကားဗုံးဖောက်ခွဲခံရသေးကြောင်း သတင်းရပ်ကွက်က ပြောကြားသည်။ သို့ရာတွင် လူသေဆုံးမှုသတင်း ထုတ်ပြန်ကြေညာခြင်းမရှိပေ။

အီရတ် ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏လက်ထောက်များ တရားရုံးတွင် ဆက်လက်စစ်ဆေးပြီးသည့်နောက် တစ်နာရီခန့်အချိန်အတွင်း တိုက်ခိုက်မှုနှစ်ကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်တင်အမေရိက ရိုးရာပွဲတော်များတွင် လူ ၂၀၀ နီးပါး အသက်ဆုံးရှုံး

မက္ကဆီကို မတ် ၃

အီကွေဒေါနိုင်ငံ၊ ဘိုလီဗီးယားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံနှင့် ပနားမားနိုင်ငံတို့တွင် ပြုလုပ်သော ရိုးရာပျော်ပွဲရွှင်ပွဲအတွင်း အကြောင်းအမျိုးမျိုးကြောင့် သေဆုံးရသူဦးရေမှာ ၂၀၀ ခန့်ရှိပြီး ဒဏ်ရာရရှိသူပေါင်းမှာ ရာပေါင်းများစွာရှိကြောင်း မတ် ၃ရက်တွင်ရရှိသော သတင်းများက ဖော်ပြသည်။

ဖော်ပြပါနိုင်ငံများအနက် အသေအပျောက်အများဆုံးနိုင်ငံမှာ အီကွေဒေါနိုင်ငံဖြစ်သည်။ ထိုနိုင်ငံတွင် လူ ၁၀၄ဦး သေဆုံးပြီး ၂၆၂ဦး ဒဏ်ရာရရှိခဲ့ကာ ငါးဦးမှာ ကိုယ့်ကိုယ်ကိုသတ်၍ သေဆုံးခဲ့ကြသည်ဟု ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဂျူအန်ဇာပါတာက မြို့တော်ကွီတိုမှ ပြောကြားသည်။ ယခုနှစ် ပျော်ပွဲရွှင်ပွဲကျင်းပချိန်အတွက် လုံခြုံရေးအစီအမံများကို ကြိုတင်စီမံဆောင်ရွက်ခဲ့သဖြင့် အသေအပျောက်စာရင်းမှာ ယခင်နှစ်ကထက် လျော့နည်းခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဘုတလင်မြို့နယ် သခွတ္တနယ် စံပြကျေးရွာ ဆေးခန်း အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆေးခန်းအဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဧည့်သည်များနှင့်အတူ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးခန်းသစ်တွင်းရှိ အမျိုးသမီးလူနာဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း(အကြီးစား)၊ ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဦးကျော်သောင်း ကိုယ်စား ဦးကျော်သန်းက ဆေးခန်းသစ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင် ဦးကျော်သောင်း၏ သမီး ဒေါ်စိုးစိုးက ဆေးခန်းသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဘုတလင်မြို့ ပြည်သူ့ဆေးရုံအတွက် အလှူရှင်ခြောက်ဦးတို့က အောက်ဆီဂျင်တစ်ဘူး၊ ဆွဲစုပ်စက်တစ်လုံး၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၂သိန်းတို့ကိုလည်းကောင်း၊ ဘုတလင်မြို့နယ် မီးသတ်ဦးစီးဌာနအတွက် အလှူရှင်နှစ်ဦးတို့က မီးသတ်ယာဉ်တစ်စီးနှင့် ငွေကျပ်ငါးသိန်းတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သခွတ္တနယ် ကျန်းမာရေးဆေးခန်းအတွက် အလှူရှင်လေးဦးတို့က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၄သိန်းကို လည်းကောင်း၊ မောင်းထောင်တိုက်နယ် ဆေးရုံအတွက် အလှူရှင်ငါးဦးတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၈သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သခွတ္တနယ် စံပြကျေးရွာ ဆေးခန်းသစ်သည် ၄ဒသမ ၁၅ ဧကကျယ်ဝန်းပြီး တစ်ထပ် RC အဆောက်အအုံဖြစ်သည်။ အလျား ၁၁၇ပေ၊ အနံ ၈၂ပေရှိပြီး တစ်ဦးတည်းအလှူရှင် မန္တလေးမြို့နေ ဆီစက်ပိုင်ရှင် ဦးကျော်သောင်း–ဒေါ်တင်တင်ဦးတို့က လှူဒါန်းခြင်းဖြစ်သည်။ အဆိုပါဆေးခန်းသည် ကျေးရွာအုပ်စုရှစ်အုပ်စု ကျေးရွာပေါင်း ၄၀တို့မှ ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

တက်ရောက်အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဒေသ၌ မိုးကြိုချည်မျှင်ရှည်ဝါနှင့် နွေစပါး စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးနှင့် ရေပေးဝေရေး အခြေအနေများကို တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးခင်မောင်လတ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အသင့်စိုက်ပျိုးရန် ထွန်ယက်ပြီးဖြစ်သည့် ဦးစန်းငွေ၏ယာကွက်တွင် ဝါမျိုးစေ့ချ၍ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော ပိုးသတ်ဆေး၊ ဝါမျိုးစေ့ ငွေချည်(၁)(၂)(၃)(၄)(၅)နှင့် မျိုးသန့်ဝါစေ့အိမ်များကို ကြည့်ရှုစစ်ဆေးရာ တိုင်းမန်နေဂျာ ဦးအောင်မော်က ဝါမျိုးစေ့နှင့် ပတ်သက်သည်များကို ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မိမိတို့လယ်ယာများတွင် ယာသီးနှံများအပြင် စပါးတစ်သီးနှင့် မြေလွတ်မြေရိုင်းများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးကြရန် မှာကြားသည်။

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးပွဲတွင် စုစုပေါင်း ၁၅ဒသမ ၄၂ ဧကကို ဝါမျိုးစေ့ချ စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် ရေဘုတလင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဒေသ၌ နွေစပါး စုပေါင်းပျိုးထောင်ပွဲကို တက်ရောက်အားပေးကြသည်။

ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧရိယာဧက ၄၀၀၀၀ တွင် စီမံကိန်းမစတင်မီကာလက မိုးစပါး ၁၀၂၄၄ဧက၊ မိုးစိုက်ယာသီးနှံနှင့် မိုးနှောင်းစိုက်ဂျုံ၊ကုလားပဲ၊ နေကြာသီးနှံများကိုသာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခုနွေစပါးဧက ၇၀၀၀ နှင့် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၃၀၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဒုတိယဆင့် ရေတင်စခန်း လျှပ်စစ်မီးတပ်ဆင်ထားမှု အခြေအနေနှင့် ပင်မမြောင်းရေစီးဝင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မရေတင်စခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က စီမံကိန်းအဆင့်များ၏ လုပ်ဆောင်မှုအခြေအနေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေ၊ စိုက်ပျိုးမြေများသို့ ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေဘုတလင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဒေသရှိ ကျေးရွာများမှ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ယာမြေလယ်မြေဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် စပါးတစ်သီး စိုက်ပျိုးပြီး ပဲ၊ နှမ်းအပြင် အခြားသီးနှံများကို စိုက်ပျိုးကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မရေတင်စက်ရုံမှ ရေငြိမ်ကန်နှင့် ပင်မမြောင်းရေစီးဆင်းမှု၊ ပင်မရေတင်စက်ရုံသို့ ပိုက်များဖြင့် ရေများတင်ပို့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အနောက်မြောက်တိုင်း စစ်ဌာနချုပ်၏ မုံရွာတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးစိုးလွင်က စစ်ကိုင်းတိုင်းတွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန် လျာထားပြီး တပ်နယ်အတွင်း ဧက ၁၃၃၅၀ စိုက်ပျိုးရန် လျာထားလျက်ရှိရာ စိုက်ပြီး ၂၄၁ ဒသမ ၈ ဧက၊ ပျိုးထောင်ပြီး ၁၀၄၉ဧကရှိကြောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် စစ်သည် မိသားစုဝင်များနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်ပျိုးကိုင်းများ၊ မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်းရှိ ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ထားမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များသို့လှည့်လည်သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့ပျိုးထောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညွှန်ကြား ဆောင်ရွက်ပေးကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မုံရွာတပ်နယ်ရှိ ဧယျာသီရိခန်းမ၌ မုံရွာတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ တပ်မိသားစုများအနေဖြင့် ဇီဝဒီဇယ်ဆီ ရရှိသည့် ခြံစည်းရိုးကြက်ဆူပင်များကို မြေကွက်လပ်မကျန် စိုက်ပျိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ ဧည့်ရိပ်သာတွင် ရပ်နားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဘုတလင်မြို့နယ် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဒေသ၌ မိုးကြိုချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာ ယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၃

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ မတ် ၁၁ရက်(စနေနေ့) နံနက် ၈နာရီတွင် (၄၈)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဗျူဟာဝတ်ရွတ်စဉ် သင်တန်းကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ဓမ္မဒါနသင်ကြားမည်ဖြစ်ရာ အသက် ၇နှစ်မှ ၈၀ အထိ တက်ရောက်သင်ကြားနိုင်၍ သင်တန်းများအတွက် အလှူငွေ လှူဒါန်းနိုင်သည်ဟု သိရသည်။ (၂၃)

အထက(၃) ပုသိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃

ပုသိမ်မြို့ အထက(၃) (ယခင် ABM/BBM) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ် ၂၀၂–၂၁၄ (ပထမထပ်) အခန်း ၁၂/၁၃ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၉၂၅၈ ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က–ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ငွေဝတ်မှုံရပ်ကွက်နေ ဗိုလ်မှူးကြီး ခင်မောင်ဝင်း(ငြိမ်း) ဒေါ်တင်ရီမ(ညောင်ဦး)၊ သားသမီး မြေးတစ်စုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည်စည်းဝေး တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း သာသနာရေးဆိုင်ရာလှူဒါန်းထား

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ တိုင်းသံဃာ့ဝန်ဆောင်အဖွဲ့(ဆဌမ) နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း တက်ရောက်ကြည့်ရှု၍ သာသနာရေးဆိုင်ရာများ တင်ပြလှူဒါန်းထားသည်။

ထို့နောက် ရန်ကုန်တိုင်း ဩဝါဒါစရိယ ဆရာတော်ကြီးများကိုယ်စား တိုင်းဩဝါဒါစရိယ ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝါယမိန္ဒနှင့် အစည်းအဝေးသဘာပတိ ဆရာတော် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လတို့က ဩဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက သာသနာရေးဆိုင်ရာကိစ္စရပ်များ တင်ပြလျှောက်ထားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဥပတ္ထမ္ဘက ရန်ပုံငွေနှင့် တိုင်းသံဃာ့ဝန်ဆောင် အစည်းအဝေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ အဂ္ဂမဟာသီဟသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်နှင့် ဇနီး သီရိသုဓမ္မသီဂီဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက် မိသားစု)က ငွေကျပ် ၂၅၀၀၀၀၊ တော်ဝင်စားသောက်ဆိုင်ပိုင်ရှင် ဦးစိုးညွန့်နှင့် ဇနီး ဒေါ်စောပု မိသားစုတို့က ငွေကျပ်နှစ်သိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်းနှင့် ဇနီး သီရိသုဓမ္မသီဂီဒေါ်ဌေးဌေးညွန့် (ဘီတီဘီ ကုမ္ပဏီမိသားစု)က ငွေကျပ် ၁၅၀၀၀၀၊ ဦးစိုင်းဆမ်-ဒေါ်အေးအေးမင်း မိသားစု (သိဒ္ဓိစိန်ရတနာရွှေဆိုင် ဗိုလ်ချုပ်ဈေး)က ငွေကျပ် တစ်သိန်း အပါအဝင် အလှူရှင် ၂၃ဦးတို့က အလှူငွေကျပ် ၁၃၅၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အနုမောဒနာမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်အဖွဲ့၊ တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ ဟောကြားတော်မူသော အနုမောဒနာတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အစည်းအဝေးအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အစည်းအဝေး အစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ဆရာတော် အရှင်သူမြတ်များက သာသနာရေးရာဆောင်ရွက်ချက်များ၊ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ၊ ပညာရေးရာဆောင်ရွက်ချက် အစီရင်ခံစာများကို ဖတ်ကြား အတည်ပြုကြသည်။

ထို့နောက် သဘာပတိ ဆရာတော်က "နိဂမနကထာ" မြွက်ကြားတော်မူကာ အစည်းအဝေးကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ဥပတ္ထမ္ဘက ရန်ပုံငွေနှင့် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ တိုင်းသံဃာ့ဝန်ဆောင် အဖွဲ့(ဆဌမ) နှစ်ပတ်လည်အစည်းအဝေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

နှစ်ပေါင်း ၅၀၀၀ သက်တမ်းရှိ မြေအိုးများ တရုတ်ပြည်အနောက်မြောက်ပိုင်းဒေသတွင် တူးဖော်ရရှိ

လန်ကျိူ့ မတ် ၂

အနက်ရောင်နှင့် နီညိုရောင်များ ခြယ်သထားသည့် မြေအိုးကြီးများကို တရုတ်ပြည်အနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ် လင်တာအိုဒေသတွင် မကြာမီက တူးဖော်ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းအိုးကြီးများ၏ သက်တမ်းသည် နှစ် ၅၀၀၀ ရှိနိုင်သည်ဟု တရုတ်ရှေးဟောင်းပစ္စည်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

အဆိုပါအိုးကြီးများသည် ငှက်ရုပ်ပုံသဏ္ဌာန်ရှိပြီး အပေါက်များစွာပါရှိမှုကြောင့် ရှားပါးသည့်ပစ္စည်းဖြစ်ပြီး လွန်ခဲ့သည့်ခရစ်တော်မပေါ်မီ ဘီစီ ၃၃၀၀ မှ ဘီစီ ၂၀၅၀ အထိရှိခဲ့သည့် သမိုင်းကာလ၏ မာဂျီယာယာအိုယဉ်ကျေးမှု လက်ရာဖြစ်သည်။ အများအားဖြင့်ဆိုလျှင် ယင်းကဲ့သို့သော မြေအိုးများသည် ထိပ်တွင် အပေါက်တစ်ပေါက်သာ ထားရှိပြီး ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု ဂန်ဆုပြည်နယ်ဆိုင်ရာ မာဂျီယာယာအိုယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဝမ်ဟိုင်ဒွန်က ပြောကြားခဲ့သည်။

ပြောကြား

အဆိုပါမြေအိုးသည် ၃၂ စင်တီမီတာအမြင့်နှင့် အချင်း စင်တီမီတာ ၄၀ ရှိသည်။ ယင်းအိုးများ၏ ထိပ်တွင် အချင်း ရှစ်စင်တီမီတာနှင့် သုံးစင်တီမီတာရှိ အပေါက်နှစ်ပေါက်ပါရှိသည်ဟု သိရသည်။ မြေအိုး၏ ဘေးဘက်တွင် အပေါက်ကြီးတစ်ပေါက် ဖောက်ထားပြီး အိုးအလယ်နေရာတွင် အပေါက်ငယ်တစ်ပေါက် ဖောက်ထားသည်ဟု ဒေသခံရှေးဟောင်းပစ္စည်း တူးဖော်ရေးပညာရှင်များက ပြောကြားသည်။

အိုးပေါ်တွင် ရေးဆွဲထားသည့်ရုပ်ပုံများကို ကြည့်ခြင်းအားဖြင့် အိုးပြုလုပ်သူတို့၏ ဘဝနှင့်ပတ်ဝန်းကျင် အခြေအနေတို့ ရောင်ပြန်ဟပ်နေသည်ကိုတွေ့ရပြီး သမိုင်းသုတေသီများအတွက် မာဂျီယာယာအိုယဉ်ကျေးမှုကို တစေ့တစောင်း လေ့လာရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



နှစ်ပေါင်း ၅၀၀၀ သက်တမ်းရှိ တရုတ်ပြည်၏ ရှေးဟောင်းလက်ရာ မြေအိုးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မော်တော်ကားစတန့်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ နိုင်ငံတကာ ကားပြိုင်ပွဲအားကစားကွင်းတွင် မတ် ၁၂ ရက်၌ မော်တော်ကားစတန့်ပြပွဲကို ခင်းကျင်းပြသမည်ဖြစ်သည်။ ပုံမှာ အမေရိကန် ဟောလိဝုဒ်ရုပ်ရှင်မှ စတန့်သမားအဖွဲ့တစ်ဖွဲ့က မော်တော်ကားစတန့်များအတွက် ရှန်ဟိုင်းမြို့၌ လေ့ကျင့်နေသည်ကို မတ် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ အင်တာနက်သတင်းများ

ကမ္ဘာ့အမြန်ဆုံး စူပါကွန်ပျူတာ ဂျပန်နိုင်ငံတွင် စတင် အသုံးပြု

ဆုကူဘာ(ဂျပန်) မတ် ၂

ဂျပန်နိုင်ငံက တီထွင် ထုတ်လုပ်ထားသော ကမ္ဘာ့အမြန်ဆုံး စူပါကွန်ပျူတာကို မတ် ၁ရက်မှ စတင်၍ အသုံးပြုလျက်ရှိကြောင်း မအိနိချိ သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

ဂျပန် သိပ္ပံပညာရှင်များက တီထွင်သော စူပါ ကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း ၅၉ ထရီလီယံအထိ ပြုလုပ်နိုင်သည်။ ယင်းစူပါ ကွန်ပျူတာကို အီဘရာကီပြည်နယ်ရှိ သုတေသနအဖွဲ့က နျူကလီးယား ရူပဗေဒ လေ့လာမှုများ၌ အသုံးပြုလျက်ရှိသည်။

အင်တာနက်။

ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော် ကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များပေးအပ်ပြီး မျိုးစေ့၊ ပျိုးကိုင်းနှင့် ပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေသည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ မတည်ထောက်ပံ့သည့် ငွေကျပ် ၂၅၀၀၀၀ ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်းရွှေယဉ်နှင့် ဥက္ကဋ္ဌ ဒေါ်ခင်စန်းဌေးတို့ထံ ပေးအပ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သထုံမြို့နယ် မရမ်းကုန်း ရေထိန်းတံခါး တည်ဆောက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

*** ကာကွယ်ရေးမှ**

ထို့နောက် ပြည်နယ်မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိန်ဝင်းက ဆည်ရေဖြင့် စပါးစိုက်ပျိုးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသအနေဖြင့် လက်ရှိ လယ်ဧက ရှစ်သိန်းခွဲ စိုက်ပျိုးလျက်ရှိရာ ရေထိန်းတံခါး ပြီးစီးသွားပါက မိုးစပါးကို ဧက ၁၀ သိန်းနှင့် နွေစပါးကို ဧက တစ်သိန်းခွဲတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များက ကြိုးကြပ်ဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိုပါ တွန်းအားပေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် လုပ်ငန်းခွင်ရှုရပ်မှနေ၍ လုပ်ငန်းခွင်အတွင်း ယန္တရားအင်အားဖြင့် ဂဝံကြောမြေသားများကို တူးဖော်နေမှု၊ မြေထိန်းနံရံ သံကူကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဂဝံကျောက်ရိုးဖြည့်ခြင်းလုပ်ငန်းနှင့် မိုင်းခွဲရန် လွန်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှတာဝန်ရှိသူများအား တွေ့ဆုံ၍ ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရရှိစေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်နှင့် နိုင်ငံသားတိုင်း ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရေး ဆွေးနွေး မှာကြားသည်။

အဆိုပါ မရမ်းကုန်း ရေထိန်းတံခါးသည် သထုံမြို့နယ် မရမ်းကုန်း ကျေးရွာအနီး၌ တည်ရှိ၍ ရေထိန်းတံခါးကို ၆ ပေ X၁၂ ပေ အရွယ်အစား ၁၅ ပေါက်ဖြင့် တည်ဆောက်မည်ဖြစ်သည်။

ဝါးပါးရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သထုံမြို့၏ အရှေ့ဘက်တစ်မိုင်ခွဲအကွာ သထုံ–မြိုင်ကလေးကားလမ်းမြောက်ဘက်၌ တည်ဆောက်ထားသည့် ဝါးပါးရေလှောင်တမံသို့ ရောက်ရှိကြရာ ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်က စီမံကိန်း၏ရည်မှန်းချက်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ရေပေးမြောင်းနှင့် ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ဝါးပါးရေလှောင်တမံကို ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၆ ခုနှစ် မတ် ၁၅ ရက်မှ စတင်၍ သထုံမြို့သို့ သောက်သုံးရေ ပေးဝေခဲ့သည်။

ကြက်ဆူပျိုးဥယျာဉ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ သထုံခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါင်း တစ်သိန်း ပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ပျိုးဥယျာဉ် မြေကွက်လပ်၌ ခြံစည်းရိုးကြက်ဆူကိုင်းပျိုးပင်ကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပျိုးဥယျာဉ်အတွင်း၌ အစို့ဖောက် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များနှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ထို့နောက် ပျိုးဥယျာဉ်နှင့် စိုက်ခင်းအတွင်းဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ပျိုးထောင် စိုက်ပျိုးမှုနှင့် ပျိုးပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ စိုက်ခင်းဧရိယာအတွင်း မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းတို့က ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူစေ့မှ ကြိတ်ယူရရှိသည့် ဇီဝဒီဇယ်ကို အသုံးပြု၍ လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ လယ်ထွန်စက်ကြီး၊ ကူဘိုတာ ရေစုပ်စက်၊ ဆီမီးခွက်၊ မီးအိမ်နှင့် မီးဖိုတို့၌ အသုံးပြုမောင်းနှင် ထွန်းညှိချက်ပြုတ်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

သထုံ–မြိုင်ကလေး ကားလမ်းမြောက်ဘက်၌ တည်ဆောက်ထားသည့် ဝါးပါးရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)



တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ယာယီမဏ္ဍပ်အတွင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာအနီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တည်ဆောက်နေသည့် ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြင့် စိုက်ပျိုးမြေဧက ၃၃၀၀၀ ကို ရေပေးဝေနိုင်မည့် အခြေအနေ၊ လုပ်ငန်းကိုအဆင့် ငါးဆင့်ဖြင့်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် သထုံခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ၏ စီမံကိန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လယ်မြေ ဧက ၉၀၀၀ ကို နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းကို အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရေးနှင့် ရေတင်အဆင့် (၂)မှ လက်တံမြောင်းများဖြင့် ကြက်တူရွေးကျေးရွာသို့ စိုက်ပျိုးရေ ပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားပြီး ရှုရပ်မှနေ၍ ယန္တရားအင်အားဖြင့် ရေတင်အဆင့်(၁)နှင့် (၂)အကြားရှိ ပင်မတူးမြောင်းဖောက်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မြောင်းဘောင်တစ်လျှောက် မော်တော်ယာဉ်များဖြင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကတိုက်ရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ကတိုက်ကျေးရွာ အထက်နှစ်မိုင်ခန့်အကွာ၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသော ကတိုက် ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ယန္တရားအင်အားဖြင့် ချောင်းနေရာကို တမံမြေဖို့ခြင်းလုပ်ငန်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရှုရပ်မျှော်စင်မှနေ၍ ရေထိန်းမျှော်စင်နှင့် ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်အနီး ရှုရပ်မှနေ၍ ရော်ဘာ ၁၇ ဧက စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာပင်များကို ယခုထက်ပိုမို ဧကတိုးချဲ့ စိုက်ပျိုးရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူအစေ့ပျိုးပင် ၂၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကတိုက်ရေလှောင်တမံ ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်းဆိုင်ရာ အချက်အလက်များလည်းကောင်း၊ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က တမံတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တမံစီမံကိန်းလုပ်ငန်း

ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ဒေသခ
တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ကြိုးပမ်း
အဆိုပါ ကတိုက်ရေလှောင်တ
တည်ဆောက်ထားသော မြေသားတမံအ
ရှစ်စတုရန်းမိုင်၊ တမံအမြင့် ၁၃၄ ပေ၊
အကျယ်ပေ ၆၀၊ ရေပိုလွှဲအလျားပေ
ကတိုက်ရေလှောင်တမံ၏ နှစ်စဉ်
ဖြစ်ပြီး ကန်ရေပြည့် ရေပြင်အကျယ် ဧက
ဧကပေ ၅၆၀၀၀ နှင့် ကန်ရေသေ ရေ
သည်။ ရေလှောင်တမံပြီးစီးပါက ရင်းငြိမ်
များ ရေကြီးနစ်မြုပ်မှုမှ သက်သာစေပြီး
စိုက်ပျိုးရန်နှင့် သီးထပ်စိုက်ပျိုးရန်အတွက်

ပေးအပ်လှူ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြ
ပေါင်မြို့နယ် သဲအိမ်ကျေးရွာရှိ ရွှေအလ
ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက
သို့ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်း
သုတ/ရသ စာအုပ်မျိုးစုံ ၂၅၀ကို ပေးအ
ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေ
အတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက
လှူဒါန်းသည်။
ဆက်လက်၍ အလှူရှင် ဦးစောစိန်
၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ
အလှူရှင် ဦးစောစေးစေးက ပေးပို့လှူဒါန်
ဂြိုဟ်တုစလောင်းတစ်စုံကို အလှူရှင်ကိုယ်စ
တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ လှူဒါန်
တိုင်းရင်းဆေးမျိုးစုံ ၂၁ မျိုးနှင့် ဆေးခန်း
တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးထွန်းမြ
ကြရာ ကျေးရွာမှ တာဝန်ရှိသူများက
ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမော
သည် ရွှေအလင်းရောင် စာကြည့်တိုက်အ

ဆေးဝါးစရိတ်

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်
ပေါင်မြို့နယ် သဲအိမ်ကျေးရွာ ကျေးလက်
လူနာနားနေခန်းကို ကြည့်ရှုစစ်ဆေးပြီး သ
စကားပြောကြား၍ ဆေးဝါးစရိတ် ထေ
ဆက်လက်၍ ကျေးလက်ကျန်
သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်
ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမေ
ကျေးရွာ အခြေခံပညာအထက်တန်း ကျေ
များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိ
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊
ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသ
တွေ့ဆုံသည်။
ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်
သဲအိမ်ကျေးရွာ အခြေခံပညာအထက်တ
ကွန်ပျူတာတစ်စုံကို အလှူရှင်များ ကိုယ
အထက်တန်းကျောင်းအတွက် စာအုပ်
ကျေးလက်ကျန်းမာရေးဌာန အတွက် ဆေး
ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြ
လက်ခံကြသည်။
ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်
ကျေးရွာအခြေခံပညာအထက်တန်းကျော
စလောင်းတစ်စုံကိုလည်းကောင်း၊ ဝန်ကြီး ဗ
တမံစီမံကိန်းမှ ကျေးလက်ကျန်းမာရေး
တစ်လုံးကိုလည်းကောင်း အလှူရှင်များ
တာဝန်ရှိသူများက လက်ခံကြသည်။
ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး
ရာတွင် သဲအိမ်ကျေးရွာသည် ယခင်က
လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့တွင်
အလားတူ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ
ကတိုက်ရေလှောင်တမံ တည်ဆောက်ပြီးစီး
လာမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပ
ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။
ဆက်လက်၍ တိုင်းမှူး ဗိုလ်ချ
အခြေခံကောင်းများရှိသော၊ စွမ်းအားရှိသေ
ဒေသတစ်ခုဖြစ်သည့် အတွက် ယင်းအစဉ်
ထိန်းသိမ်းရင်း ဒေသအကျိုး၊ ပြည်နယ်အ
ပါဝင်ကြိုးပမ်းဆောင်ရွက် ကြစေလိုကြော
ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦ
ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြ
ရပ်မိရပ်ဖများဖြစ်ကြသော အသက် (၉
ဦးစောဘော်တို့အား ထောက်ပံ့လှူဒါန်း
တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအ
ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး
သဲအိမ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများ
ကြပြီး သထုံမြို့သို့ ပြန်လည်ရောက်ရှိက

ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

အဆိုပါ ကတိုက်ရေလှောင်တမံသည် ကတိုက်ချောင်းပေါ်၌ တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး ရေဆင်းဧရိယာ ရှစ်စတုရန်းမိုင်၊ တမံအမြင့် ၁၃၄ ပေ၊ တမံအလျားပေ ၅၂၀၀၊ ရေပိုလွှဲ အကျယ်ပေ ၆၀၊ ရေပိုလွှဲအလျားပေ ၈၁၀ ရှိသည်။

ကတိုက်ရေလှောင်တမံ၏ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေမှာ ဧကပေ ၅၉၀၀၀ ဖြစ်ပြီး ကန်ရေပြည့် ရေပြင်အကျယ် ဧက ၉၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၆၀၀၀ နှင့် ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၁၂၀၀ ဖြစ်သည်။ ရေလှောင်တမံပြီးစီးပါက ရင်းငြိမ်ချောင်း အောက်ပိုင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ သက်သာစေပြီး လယ်မြေဧက ၁၀၀၀၀ကို နွေစပါး စိုက်ပျိုးရန်နှင့် သီးထပ်စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် သဲအိမ်ကျေးရွာရှိ ရွှေအလင်းရောင် စာကြည့်တိုက်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရွှေအလင်းရောင် စာကြည့်တိုက်သို့ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော တန်ဖိုးငွေကျပ် ၄၁၁၅၀ ရှိ သုတ/ရသ စာအုပ်မျိုးစုံ ၂၅၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရွှေနိုင်ငံဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင် ဦးစောစိန်ဘွားက ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကိုလည်းကောင်း၊ ရန်ကုန်မြို့နေ အလှူရှင် ဦးစောစေးစေးက ပေးပို့လှူဒါန်းသော ငွေကျပ် ၁၉၅၀၀၀ တန်ဖိုးရှိ ဂြိုဟ်တုစလောင်းတစ်စုံကို အလှူရှင်ကိုယ်စား ဦးစောတင်လုံးက လည်းကောင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ လှူဒါန်းသော ငွေကျပ် ၈၄၃၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ ၂၁ မျိုးနှင့် ဆေးခန်းသုံး ဆေးဘူးသုံးဘူးတို့ကို ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးထွန်းမြင့်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာမှ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် ရွှေအလင်းရောင် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆေးဝါးစရိတ်ထောက်ပံ့

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် သဲအိမ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိကြ၍ လူနာနားနေခန်းကို ကြည့်ရှုစစ်ဆေးပြီး သားဖွားလူနာရှင်အား တွေ့ဆုံအားပေး စကားပြောကြား၍ ဆေးဝါးစရိတ် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများနှင့် သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် သဲအိမ်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းသို့ရောက်ရှိကြပြီး ဌာနဆိုင်ရာများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကျေးလက်ပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရင်းငြိမ်ရေထိန်းတံခါးစီမံကိန်းမှ သဲအိမ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းသည့် ကွန်ပျူတာတစ်စုံကို အလှူရှင်များ ကိုယ်စားလည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်းအတွက် စာအုပ်နှင့် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာန အတွက် ဆေးနှင့်ဆေးပစ္စည်းများ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကတိုက်ရေလှောင်တမံစီမံကိန်းမှ ကျေးရွာအခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းသည့် ဂြိုဟ်တုစလောင်းတစ်စုံကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကတိုက်ရေလှောင်တမံစီမံကိန်းမှ ကျေးလက်ကျန်းမာရေးဌာနအတွက် လှူဒါန်းသည့် မီးစက်တစ်လုံးကိုလည်းကောင်း အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် သဲအိမ်ကျေးရွာသည် ယခင်ကထက် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့တွင် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ အလားတူ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှာလည်း တိုးတက်လျက်ရှိကြောင်း၊ ကတိုက်ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားပါက ယခုထက်ပိုမို စည်ပင်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များကို ပိုမိုတိုးချဲ့စိုက်ပျိုးကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က သဲအိမ်ကျေးရွာသည် အခြေခံကောင်းများရှိသော၊ စွမ်းအားရှိသော၊ သမိုင်းကြောင်းကောင်းမွန်သော ဒေသတစ်ခုဖြစ်သည့် အတွက် ယင်းအစဉ်အလာ ကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း ဒေသအကျိုး၊ ပြည်နယ်အကျိုးနှင့် နိုင်ငံတော်အကျိုး အတွက် ပါဝင်ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သဲအိမ်ကျေးရွာ၏ ရပ်မိရပ်ဖများဖြစ်ကြသော အသက် (၉၀) အရွယ်ရှိ ဦးစောဟောက်ရွှေနှင့် ဦးစောဘော်တို့အား ထောက်ပံ့လှူဒါန်းငွေကျပ် တစ်သိန်းစီကို ပေးအပ်ကာ တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သဲအိမ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုကြပြီး သထုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

● မြန်မာနိုင်ငံလုံးဆိုင်ရာမှ

ရှုချင့်စဖွယ် (အဖြူအမည်း)ကဏ္ဍတွင် ပထမ ကိုအောင်မျိုး၊ ဒုတိယ ဦးလူမောင်၊ တတိယ ခိုင်မြတ်ထွန်း၊ နှစ်သိမ့်(၁) ဦးဌေးဝင်း(ရမ်းဗြဲ)၊ နှစ်သိမ့်(၂) ကိုထင်အောင်(အင်းစိန်)၊ နှစ်သိမ့်(၃) ပုဂံမင်းမင်းဦးတို့ကလည်းကောင်း။

လူပုံဆေးရောင်စုံကဏ္ဍတွင် ပထမ ကိုထင်အောင် (အင်းစိန်)၊ ဒုတိယ ဇေယျာမျိုး(ဘိုအဖွဲ့)၊ တတိယ နိုင်နိုင်ထွန်း၊ နှစ်သိမ့်(၁) စောအောင်မင်း (နယူးအာရှ)၊ နှစ်သိမ့်(၂) ကိုထင်အောင် (အင်းစိန်)၊ နှစ်သိမ့်(၃) ကိုထင်အောင်(အင်းစိန်)တို့ကလည်းကောင်း။

ရှုချင်စဖွယ် ဆေးရောင်စုံကဏ္ဍတွင် ပထမ ဦးလူမောင်၊ ဒုတိယ ဒုတိယ ဗိုလ်မှူးကြီးတင်မြင့်၊ တတိယ တင်မိုးဝေ၊ နှစ်သိမ့်(၁) ခိုင်မြတ်ထွန်း၊ နှစ်သိမ့်(၂) ကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ နှစ်သိမ့်(၃) ဇေယျာမျိုး (ဘိုအဖွဲ့)တို့က လည်းကောင်း။

ဒစ်ဂျစ်တယ်ကဏ္ဍတွင် ပထမ ဦးခင်မောင်လေး၊ ဒုတိယ ဦးဌေးဝင်း (ရမ်းဗြဲ)၊ တတိယ ကိုထင်အောင် (အင်းစိန်)၊ နှစ်သိမ့်(၁) ဦးခင်မောင်လေး၊ နှစ်သိမ့်(၂) ဇော်မင်းထွန်း၊ နှစ်သိမ့်(၃) ကိုအောင်မျိုးတို့ကလည်းကောင်း။

ဆေးရောင်စုံ (ဆလိုက်ကဏ္ဍ)တွင် ပထမ A.K.Moe (သတ္တဗေဒ)၊ ဒုတိယ ကိုထင်အောင်(အင်းစိန်)၊ တတိယ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ နှစ်သိမ့်(၁) ကိုထင်အောင်(အင်းစိန်)၊ နှစ်သိမ့်(၂) ကိုထင်အောင်(အင်းစိန်)၊ နှစ်သိမ့်(၃) ဦးဌေးဝင်း (ရမ်းဗြဲ)တို့က လည်းကောင်း ဆုများ အသီးသီး ဆွတ်ခူးသွားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ကျင်းပခဲ့ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ ဝါရင့်ဓာတ်ပုံပညာရှင် တစ်ဦးဖြစ်သူ ဦးကျော်မြင့်သန်း (ကျော်မြင့်သန်း-လမ်းမတော်)က "မြန်မာနိုင်ငံ၏ ရေမြေတောတောင်၊ သဘာဝအလှအပများ၊ လူနေမှုဓလေ့စရိုက်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုများ စသည်တို့မှာ ထူးခြားလှပသလောက် ဓာတ်ပုံရိုက်ကွင်း ရိုက်ကွက်များမှာလည်း လွန်စွာများပြားလှပါကြောင်း၊ မျိုးဆက်သစ် ဓာတ်ပုံပညာရှင်လေးများ၏ အားထုတ်ကြိုးပမ်းမှု၊ အနုပညာ စိတ်ကူးစိတ်သန်းနှင့် ဖန်တီးနိုင်စွမ်း အထူးမြင့်မားလှကြောင်းကို ပြိုင်ပွဲဝင်ဓာတ်ပုံများက သက်သေပြနေကြောင်း၊ ယှဉ်ပြိုင်မှုမြင့်မားခြင်းကြောင့် ပြိုင်ပွဲအကဲဖြတ် ဝါရင့်ဓာတ်ပုံပညာရှင်များ အနေဖြင့် အထူးပင် စိစစ်ရွေးချယ်ပေးခဲ့ကြရကြောင်း" ကြေးမုံသို့ ရှင်းလင်းပြောကြားသွားသည်။ (ကြေးမုံ)

မွန်ပြည်နယ်ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃

၂၀၀၆ခုနှစ်တွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်း ခံရတော်မူသော မွန်ပြည်နယ်မှ ဆရာတော်ကြီး ၁၄ ပါးတို့အား ပူဇော်ပွဲကို မတ် ၁၄ ရက် (အင်္ဂါ)နေ့ ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် မော်လမြိုင်ဓမ္မာရုံ ဖုန်း-၂၅၆၁၅၇ နှင့် သက်ဆိုင်ရာ မြို့နယ်များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲ ရှုချင့်စဖွယ် ဆေးရောင်စုံ ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးလူမောင်၏ ဓာတ်ပုံ။

ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃

၁၂၄၉ ခုနှစ်တွင် အုတ်ဖိုဆရာတော်ကြီး သီဟိုဠ်ကျွန်းမှ အဓိဋ္ဌာန်ဖြင့် ပင့်ဆောင်ခဲ့သော ဗုဒ္ဓ၏ လက်ဝဲအောက်ထပ် မြတ်စွယ်တော်အား ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ဇီးကုန်းရွာမရှိ ကန္ဒကုဋိတိုက်ကြီးတွင် ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်ကျော် ၂ ရက်ထိ (မတ် ၆ ရက်မှ ၁၅ ရက်)ထိ အပူဇော်ခံမည်ဖြစ်သည်။ တပေါင်းလဆန်း ၈ ရက်၊ ၉ ရက် ညများတွင် ဓမ္မထိက အရှင်အာစာရာလင်္ကာရ စစ်ကိုင်းရွှေဟသ်ာ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ချီးမြှင့်ဟောကြားမည်ဖြစ်သည်။ (က-ပ)

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ မန္တလေးမြို့နှင့် အနီးအနားမြို့များမှ ဖမ်းယူကြည့်ရှုနိုင်ပြီ

ရန်ကုန် မတ် ၃

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ စစ်ကိုင်းမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ စမ်းသပ်ထုတ်လွှင့်ခဲ့ရာ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ အမရပူရမြို့၊ ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ နွားထိုးကြီးမြို့၊ မြင်းခြံမြို့၊ ရေစကြိုမြို့၊ မအူ၊ ချောင်းဦး၊ မြင်းမူမြို့၊ မတ္တရာမြို့၊ စဉ့်ကူးမြို့၊ ရွှေဘိုမြို့များနှင့် အနီးတစ်ဝိုက်မှ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ယခုအခါ မတ် ၁ ရက်မှစတင်၍ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ပုံမှန်ထုတ်လွှင့်နေပြီဖြစ်ခြင်းကြောင့် အထက်ပါမြို့များမှနေ၍ DVB-T ရီဆီဗာဖြင့် ဖမ်းယူကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများတွင် မြန်မာစာတန်းထိုး နိုင်ငံခြားရုပ်ရှင်များ၊ မြန်မာဗီဒီယိုဇာတ်ကားများကို ပြသသော 5-Movies လိုင်း၊ ကလေးများအတွက် ကာတွန်းကားများကို ပြသသော 5-Cartoons လိုင်း၊ အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပွဲများ၊ အက်ဖ်အေဖလား ဘောလုံးပွဲများ၊ ချန်ပီယံလိဂ် ဘောလုံးပွဲများ၊ စီးရီးအေဘောလုံးပွဲများကို ပြသပေးသော 5-Sports လိုင်းများပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	နှင်းဆီပင်စိုက်ကြရအောင်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	လောက၌ အကောင်းဆုံးသော အမွေ
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	ရွှင်လန်းတက်ကြွ မျိုးဆက်သစ်မော်ဒယ်အလှ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ကလေးများတွင်ဖြစ်တတ်သော သွားပိုးစားရောဂါ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ (အပိုင်း-၁)
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	မြစိမ်းရောင်ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (ဘဲမွေးမြူရေး)
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	Business Talk
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	အကယ်၍သာ (မျိုးသန္တာထွန်း၊ချစ်စနိုးဦး)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	သီးနှံရောဂါများကိုထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	ဗွီစီဒီမိတ်ဆက် Valentine Love Songs(1)
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	ရော်ဘာသစ်အလှ ပရိဘောဂ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီ အထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၅း၄၅	ပရီးမီးယားပွဲကြိုသုံးသပ်ချက်(၁) (ကျောက်ဘီလူး၊ တင်မောင်ဆွေ၊နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)
လိုင်း	5-Sports
၆း၃၀	ပွဲကြိုသုံးသပ်ချက်(၂)
လိုင်း	5-Sports(Live)
၇း၁၀	West Brom-Chelsea
လိုင်း	5-Sports(Live)
၉း၂၅	Newcastle-Bolton
လိုင်း	5-Movies(Live)
	Fulham-Arsenal
လိုင်း	5-Sports(Live)
	West Ham-Everton
လိုင်း	5-Cartoons(Live)
၁၁း၃၀	Middlesbrough-Birmingham
လိုင်း	5-Cartoons(SDD)
၁၁း၄၀	Liverpool-Charlton
လိုင်း	5-Sports(Live)
၂၂း၀၀	Final-Score
လိုင်း	5-Sports(Live)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၁၀	၆။	ဆွာချောင်းရေလှောင်တမံ
၈း၂၀	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၅	၉။	Grammar Made Easy.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂း၃၅	၆။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁း၀၅	၇။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁း၁၅	၈။	**လောကနီတိ(အပိုင်း-၅) "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ" (ပိုင်ဇေရဲထွန်း၊စည်သူတင်စိုး၊ ခင်ဇာခြည်ကျော်၊ လင်းဇာနည်ဇော်) (ဒါရိုက်တာ-ခင်ဇော်)**
၂း၀၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၁၅	၁၀။	အာဂယောက်ျား မြန်မာပြည်ပတ်၍ စက်ဘီးစီးတဲ့လူသားများ
၂း၂၅	၁၁။	အတီးပြိုင်ပွဲ
၂း၃၀	၁၂။	**"သတိနဲ့ယှဉ်အသိနဲ့မြင်" (အပိုင်း-၂) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၂း၃၅	၁၃။	ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၂း၄၅	၁၄။	International News.
၃း၀၀	၁၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Everyday Use
၄း၄၀	၄။	လက်ဆင့်ကမ်းပေးဂီတတေး
၄း၅၀	၅။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေး (၂၀၀၃ခုနှစ်)
၅း၀၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၅	၇။	တေးဂီတအစီအစဉ်
၅း၂၅	၈။	ချစ်စရာ့အရွယ် ကစားကြမယ်
၅း၃၀	၉။	တေးဂီတအစီအစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု
၆း၅၀	၁၃။	အဆိုပြိုင်ပွဲ
၇း၀၅	၁၄။	(၆၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းများ
၇း၂၀	၁၅။	အကပြိုင်ပွဲ
၇း၃၀	၁၆။	တေးဂီတအစီအစဉ်
၇း၄၀	၁၇။	အတီးပြိုင်ပွဲ
၈း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၂၇)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

စာကြည့်တိုက်များ ရေရှည်တည်တံ့အောင်ဆောင်ရွက် စာဖတ်သူများတိုးပွားလာရေး နည်းလမ်းများကြံဆ

ရန်ကုန် မတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးရာခန့် လိုက်ပါလျက် မတ် ၁ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ပုသိမ်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် ကျေးရွာ၊ရပ်ကွက် စာကြည့်တိုက်များ ဖွင့်လှစ်ပြီးဆိုလျှင် တာဝန်ကျေပြီဟု သဘောမထားဘဲ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရပ်ကွက်၊ကျေးရွာများက စာကြည့်တိုက်၏ အကျိုးကျေးဇူးကို သိရှိပြီး စာဖတ်သူများ တိုးပွားလာရေးအတွက် နည်းလမ်းများ ကြံဆဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ သိသင့်သိထိုက်သည်များကို အချိန်မီ သိရှိပြီး အကျိုးသက်ရောက်မှုများ လက်တွေ့ရရှိလာပါက မိမိတို့အပေါ် နယ်မြေလူထုက အားကိုးယုံကြည်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကိုလည်း အလေးထားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပုသိမ်မြို့ရှိ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူများအား အားပေးစကားပြောကြား အစားအသောက် အာဟာရ၊ အသုံးအဆောင်နှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူများအား အားပေးစကားပြောကြားခြင်း၊ အစားအသောက်အာဟာရ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများသင်တန်းကျောင်း (ရန်ကုန်)၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများသင်တန်းကျောင်း (ရန်ကုန်)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်နှင်းကြည်က ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့်ကျောင်းသူများအတွက် ပြင်ဆင်ဆောင်ရွက်ထားပေးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့်ကျောင်းသူ၁၆ဦးတို့အား အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ အသိပညာရှင်၊ အတတ်ပညာရှင် ပါမောက္ခ ဒေါ်ကြည်ကြည်အောင်က စာမေးပွဲဖြေဆိုရာတွင် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခဒေါ်ဌေးကစာမေးပွဲဖြေဆိုရန်အတွက်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် အချက်များကိုလည်းကောင်း ပညာပေး အားပေးစကား ပြောကြားကြသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူများအတွက် စုစုပေါင်း ငွေကျပ် ၁၇၀၀၀၀ ကျော်တန်ဖိုးရှိ အစားအသောက် အာဟာရ၊ အသုံး ဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းများကို ပေးအပ် လှူဒါန်းကြသည်။(သတင်းစဉ်)

၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသူလေးများအတွက် ငွေကျပ်၁၇၀၀၀၀ ကျော်တန်ဖိုးရှိ အစားအသောက်အာဟာရ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးက လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း(ရန်ကုန်) ကျောင်းအုပ် ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (အမျိုးသမီးရေးရာ)

အိန္ဒိယ-မြန်မာ နယ်စပ်နေရာကိုဗဟိုပြု အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မတ် ၃

၂၀၀၆ခုနှစ် မတ် ၂ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီ ၄၇မိနစ် ၅၆စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၂၅၀ခန့်၊ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ဖာမြို့၏ အရှေ့တောင်ဘက် ၄၅မိုင်ခန့်အကွာ အိန္ဒိယ-မြန်မာ နယ်စပ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

သာသနာ့နုဂ္ဂဟဘွဲ့ခံပုဂ္ဂိုလ်များ ဖိတ်စာများထုတ်ယူနိုင်

ရန်ကုန် မတ် ၃

၁၃၆၇ခုနှစ်တပေါင်းလပြည့်နေ့၊ မတ်၁၃ရက်(တနင်္လာနေ့)တွင် ကျင်းပမည့် ၂၀၀၆ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်ပွဲသို့ တက်ရောက်၍ သာသနာ့နုဂ္ဂဟဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် မတ်၉ရက်မှ ၁၁ရက်အထိ ဖိတ်စာများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ထံ လူကိုယ်တိုင်ဖြစ်စေ၊ နိုင်ငံသားမှတ်ပုံတင်ကတ်ပြားဖြင့်ဖြစ်စေ လာရောက်ဆက်သွယ်ထုတ်ယူနိုင်သည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



ကွယ်လွန်သူ ပါမောက္ခဒေါက်တာဦးတင်ဦးအားရည်စူး၍ အမှတ် ၁၁၊ သဇင်လမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊အလုံမြို့နယ်နေ ကျန်ရစ်သူ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေး ပဒေသာပင် ငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)လက်ခံယူစဉ်။ (က-ပ)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

ရန်ကုန် မတ် ၃

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၄ မိနစ် ၄၆စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် ၁၇၂မိုင်ခန့်မြန်မာနိုင်ငံပြည်တွင်းနေရာ(ပဲခူးရိုးမအနီး)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိက တရားတော် - သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိများ**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၁၅	၄။ မေးမြန်းစူးစမ်း
၁၂:၃၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀	၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - ရှောင်းရန်ရှိသည် (အပိုင်း-၁)**
၁:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၉	၈။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀	၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၅။ မျိုးချစ်တပ်မတော်
၅:၁၅	၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်ထုံးရယ်မပြယ် (အပိုင်း-၁၉)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၈။ **ရုပ်မြင်သံကြား ဇာတ်လမ်း "သူ့ရဲကောင်းများထွန်းကားသည်" အပိုင်း(၂)ဒါရိုက်တာပန်းချီစိုးမိုး သရုပ်ဆောင်-အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ဒွေး၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မေသဇ္ဈာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ လှမျိုးသဇ္ဈာနွယ်**
	၁၉။ **English Premier League ဘောလုံးပွဲ – Fulham Vs Arsenal**
…………	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

ပြည်ပ အားကစား သတင်းများ

မတ် ၃ ရက်က ကျင်းပသော ဒူဘိုင်း အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ မီခေးလ်ယူဇနီအား အနိုင်ရရှိသည့် ရော်ဂျာဖက်ဒရဲယား၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ဒူဘိုင်း အိုးပင်း တင်းနစ် ရော်ဂျာဖက်ဒရဲယား ဗိုလ်လုပွဲသို့တက်ရောက်

ကူဝိတ်စီးတီး မတ် ၃

ရော်ဂျာဖက်ဒရဲယားသည် အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကြာသပတေးနေ့က ကျင်းပသည့် ဒူဘိုင်းအိုးပင်း အမျိုးသားတင်းနစ်တံခွန်စိုက်ပြိုင်ပွဲတွင် ချက်သမ္မတနိုင်ငံမှ ရော်ဘင်ဗစ်အား ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိပြီးနောက် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဆွစ်ဇာလန်နိုင်ငံမှ ကမ္ဘာ့နံပါတ်(၁) အဆင့်ရှိ ဖက်ဒရဲယားသည် မတ် ၃ ရက်က ကျင်းပသည့် အကြိုဗိုလ်လုပွဲတွင် ရုရှားနိုင်ငံမှ တင်းနစ်သမား မီခေးလ်ယူဇနီနှင့် ၆၆ မိနစ်ကြာ ယှဉ်ပြိုင်ခဲ့ပြီး ၆-၂၊ ၆-၃ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်သွားသည်။ မီခေးလ်ယူဇနီသည် ဘယ်လ်ဂျီယံနိုင်ငံမှ အိုလီဗာရိုချက်အား ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသူဖြစ်သည်။ ယူဇနီသည် အကြိုဗိုလ်လုပွဲအဆင့်အထိ တက်ရောက်လာနိုင်ခြင်းမှာ ယခုနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ **အင်တာနက်။**

တောင်အမေရိက ရေကူးပြိုင်ပွဲ စံချိန်သစ်များ စိုက်ထူ

ဘိုဂိုတာ မတ် ၃

ကိုလံဘီယာနိုင်ငံ မက်ဒယ်လင်မြို့တွင် ကြာသပတေးနေ့က ကျင်းပသော တောင်အမေရိကနိုင်ငံများ ရေကူးပြိုင်ပွဲ၌ အာဂျင်တီးနားနိုင်ငံမှ တာဗီးယား ဆယ်လ်စီဒိုဒီနှင့် ဘရာဇီးနိုင်ငံမှ ဂါဘရီလာ ဆေးလ်ဗားတို့က စံချိန်သစ်များ စိုက်ထူလိုက်ကြသည်။

ဆယ်လ်စီဒိုဒီသည် မီတာ ၅၀ ပြိုင်ပွဲတွင် ၃၃ ဒသမ ၀၇ စက္ကန့်ဖြင့် ပန်းဝင်လာပြီး စံချိန်သစ်တင်နိုင်သည်။ ယခင်စံချိန်မှာ ၂၀၀၂ ခုနှစ်က ပီရူးနိုင်ငံမှ ဗလာရီယာ ဆေးလ်ဗားက ၃၃ ဒသမ ၁၉ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည့် စံချိန်ဖြစ်သည်။

ဘရာဇီးနိုင်ငံမှ ဂါဘရီလာ ဆေးလ်ဗားသည် မီတာ ၁၀၀ လိပ်ပြာကူး ပြိုင်ပွဲတွင် ၁ မိနစ် ၀၂ ဒသမ ၂၄ စက္ကန့်ဖြင့် စံချိန်သစ် တင်နိုင်သည်။ ဥရုဂွေးနိုင်ငံ မာဒိုနာဒိုမြို့တွင် ၂၀၀၄ ခုနှစ်က ဘရာဇီး အမျိုးသမီး ရေကူးမယ် ဖာဘီယိုလာ မိုလီနာက မီတာ ၁၀၀ လိပ်ပြာကူးတွင် ၁ မိနစ် ၀၂ ဒသမ ၈၀ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။ **အင်တာနက်။**

အင်္ဂလန်အသင်း စိတ်ရှည်မှုဖြင့် ကမ္ဘာ့ဖလားပွဲတွင် အနိုင်ယူမည်

လန်ဒန် မတ် ၂

ယခုနှစ် နွေရာသီတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်းက စိတ်ရှည်မှုဖြင့် အနိုင်ယူလိမ့်မည်ဖြစ်ကြောင်း အင်္ဂလန်အသင်းမှ ဝိန်းရွန်နေးက သောကြာနေ့တွင် ပြောကြားသည်။

မတ် ၁ ရက်က အင်္ဂလန်မြောက်ပိုင်း လီဗာပူးမြို့ရှိ အန်းဖီးလ်ကွင်းတွင် ဥရုဂွေးအသင်းကို စိတ်ရှည်ရှည်ဖြင့် ကစားခဲ့ခြင်းကြောင့် မိမိတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ဝိန်းရွန်နေးက ပြောကြားသည်။ အဆိုပါ နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲတွင် ဂျိုကိုးလ်က ဒဏ်ရာရ အစားဖြည့်အချိန်ပိုတွင် ဂိုးသွင်းနိုင်ခဲ့ခြင်းဖြင့် အနိုင်ရရှိခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာက အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့စဉ်ကလည်း မိုက်ကယ်အိုဝင်က ပွဲသိမ်းကာနီးတွင် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။ **အင်တာနက်။**

မတ် ၁ ရက်က လီဗာပူးတွင် ကျင်းပသော နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ဥရုဂွေးအသင်းဘက်သို့ ထိုးဖောက်ကစားနေသော အင်္ဂလန်အသင်းမှ ဝိန်းရွန်နေး (ဝဲ)အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

(၃၁)ကြိမ်မြောက် နိကာယ်ငါးရပ် စာအောင်ဆုနှင်းပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃

နိကာယ်သာသနာတော် ထွန်းကားရေးအသင်း၏ (၃၁)ကြိမ်မြောက် နိကာယ်ငါးရပ် စာပြန်ကြေမေးပွဲကြီးမှ အာဒိကမ္မိကနိကာယုဇ္ဈောတက တိပိဋကဓရဘွဲ့နှင့် နိကာယ်စာအောင် ထူးချွန်ဘွဲ့ရ အရှင်မြတ်တို့အား ပူဇော်ပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၌ ကျင်းပရာ ဩဝါဒါစရိယ ဆရာတော် ပဋ္ဌနိကာယသာသနာ့ဗိမာန် ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်က စာအောင်သံဃာ ပူဇော်ပွဲဆိုင်ရာကို လျှောက်ထား၍ ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အသင်းအမှုဆောင်များက အာဒိကမ္မိကနိကာယုဇ္ဈောတက တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ အရှင်အဘိဇာတာဘိဝံသ (စစ်ကိုင်း)၏ ထေရုပ္ပတ္တိကို ဖတ်ကြား၍ ဘွဲ့လက်မှတ်တော်၊ သာသနာ့အောင်လံတော်၊ လှူဖွယ်ပစ္စည်းများနှင့် ဩဝါဒါစရိယပူဇော်လွှာတို့ကို ဆက်ကပ်ကြပြီး မင်္ဂလာရတုပိုဒ်စုံတို့ဖြင့် သီကျူးပူဇော်ကြသည်။

ဆက်လက်၍ နိကာယုဇ္ဈောတကဝိနယဓရ ဓမ္မတ္ထဝိသာရဒဘွဲ့ရ အရှင်စန္ဒသီရိ၊ နိကာယုဇ္ဈောတက မူလအဘိဓမ္မိကဘွဲ့ရ အရှင်သုနန္ဒ၊ နိကာယုဇ္ဈောတက ဒီဃနိကာယ ဓမ္မာစရိယဘွဲ့ရ အရှင်ကုန္ဒက၊ အရှင်ဂမ္ဘီရဉာဏနှင့် အရှင်ဝိလာသတို့၏ ထေရုပ္ပတ္တိများကို ဖတ်ကြားပူဇော်ကြပြီး ဘွဲ့လက်မှတ်တော်များကို ဆက်ကပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိကာယ်ငါးရပ် စာပြန်ကြေမေးပွဲအောင် သံဃာ ၆၇ပါးတို့အား စာအောင် လက်မှတ်များကို ဆက်ကပ်ကြ၍ ငွေရတုပဒေသာပင် ငွေကျပ်တစ်သိန်းနှင့် အထက်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။ (သတင်းစဉ်)

ဆရာတော်ကြီးများပူဇော်ပွဲ တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် ကံမြင့်ကျောင်းတိုက်တွင် တိပိဋကဓရ ဆရာတော်ကြီးများ ပူဇော်ပွဲကို မတ် ၁၂ရက်တွင် ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲမတိုင်မီ မတ် ၅ရက်၌ ဆရာတော် ဦးသုန္ဒရ၊ ၆ရက်၌ ဦးဝံသပါလာလင်္ကာရ၊ ၇ရက်၌ ဦးကုန္ဒပါလ၊ ၈ရက်၌ ဦးဂန္ဓမာလင်္ကာရ၊ ၉ရက်၌ ဦးသီလက္ခန္ဓာဘိဝံသ၊ ၁၀ရက်၌ ဦးကောဏ္ဍည၊ ၁၁ရက်၌ ဦးကုန္ဒာစရိယ၊ ၁၂ရက်၌ ဦးဝါယာမိန္ဒာဘိဝံသ၊ ၁၃ရက်၌ ဦးသိရိန္ဒာဘိဝံသ (ယောဆရာတော်)တို့က နေ့စဉ် ည၇နာရီတွင် အထူးတရားများ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြန်မာ-ပီဂျီအေနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်ဝင်း ပထမရရှိ



ရန်ကုန် မတ် ၃

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် (၁၀)မိုင်ကုန်းရှိ Hanthawaddy Golf and Country Club ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Tiger Putting Chalenge ပြိုင်ပွဲတွင် ပထမရရှိသော မနီနီဝင်း (ပဲခူးမြို့)အား ဆုချီးမြှင့်ပြီး Kaung Myat Co, Ltd.မှ ဒါရိုက်တာ ဦးသိန်းတန်ဆွေက Amateur ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူများအား လည်းကောင်း၊ Hanthawaddy Golf and Country Club ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး လေးမြင့်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၀၆ ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားအပြီးတွင် MPGA နှင့် MGF ဥက္ကဋ္ဌနှင့်အတူ ဆုရ ဂေါက်သီးရိုက်အားကစားသမားများအား တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဆက်လက်၍ Kanbawza Bank Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က Amateur အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၄ချက်ဖြင့် ပထမရရှိသော ဘိုဘို၊ စုစုပေါင်း ရိုက်ချက် ၂၉၇ ချက်ဖြင့် ဒုတိယရရှိသော အောင်ဝင်း(သစ်တောရေးရာ)နှင့် စုစုပေါင်းရိုက်ချက် ၂၉၈ ချက်ဖြင့် တတိယရရှိသော နိုင်နိုင်လင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၇ ချက်ဖြင့် ပထမ ရရှိသော အောင်ဝင်း (Srixon+YCDC)၊ စုစုပေါင်း ရိုက်ချက် ၂၉၁ ချက်ဖြင့် ဒုတိယရရှိသော နေလင်းထွန်း (Srixon)နှင့် စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

၂၀၀၆ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသွားသော အောင်ဝင်း (Srixon+YCDC)သည် ဆုကြေးငွေကျပ် သိန်းသုံးဆယ်ကို ဆွတ်ခူးရရှိသွားသည်။

ထို့နောက် Myanmar PGAနှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ကျေးဇူးတင်စကားပြောကြားပြီး Hanthawaddy Golf and Country Club အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)က လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Official Bank အဖြစ် KBZ Bank Ltd. Official Golf Equipmentအဖြစ် KM Golf Centre၊ Official Drinking Water အဖြစ် Imperial Jade Purified Drinking Water ၊ Air Bagan Ltd.၊ Grand Royal Special Reserve၊ Myanmar Brewery Ltd.၊ Eden Group Co., Ltd.၊ Hanthawaddy Golf and Country Club၊ Srixon တို့က အသီးသီး ပါဝင်ကူညီကြကာ Hole-in-One Sponsor အဖြစ် Taunggyi Gem-Master Enterprises Ltd. ကတာဝန်ယူပြီး ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြန်မာလိဂ်အဆင့်မြင့်တန်းဘောလုံးပွဲ ကမ္ဘောဇနှင့် စွမ်းအင်တို့ အနိုင်ရရှိ

ရန်ကုန် မတ် ၃

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနှင့် စွမ်းအင်အသင်းတို့ အနိုင်ရရှိသွားကြသည်။

သုဝဏ္ဏကွင်း

ကမ္ဘောဇအသင်း တစ်ဂိုး
(ထွန်းမင်းဦး)
ပြည်ထဲရေးအသင်း ဂိုးမရှိ
ဒိုင်လူကြီး ဦးလှတင်

ကွင်းဖွင့်ချန်ပီယံ ကမ္ဘောဇအသင်းမှာ ပြည်ထဲရေးအသင်းကို တစ်လုံးတည်းသော ဂိုးဖြင့် ပွတ်ကာသီကာ အနိုင်ရရှိပြီး ဆဌမနေရာအထိ ရောက်ရှိလာသည်။ ပြည်ထဲရေးအသင်းမှာ ကမ္ဘောဇအသင်းကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း ဂိုးကံခေခဲ့၍ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

နှစ်သင်းစလုံး လူစုံတက်စုံပါဝင်ပြီးပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း ကမ္ဘောဇအသင်းမှာ အနိုင်ဂိုးကို စောစီးစွာ သွင်းယူနိုင်ခဲ့၍ သုံးမှတ်အပြည့်ရခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် ကမ္ဘောဇအသင်းက အမြန်နှုန်းတင်ကစားရာ ခပ်မှန်မှန်ကစားနေသော ပြည်ထဲရေးအသင်း ကစားကွက် မမိဖြစ်နေသည်။ နိုင်ပွဲဆက်ရေးအတွက် ကမ္ဘောဇအသင်းမှာ တိုက်စစ်ဖွင့်ကစားရာ ၁၃မိနစ်တွင် ကျော်သီဟ ညာကြောမှ ဂိုးရှေ့ဖြတ်ပို့သော ဘောလုံးကို ထွန်းမင်းဦးက ပိတ်သွင်းယူခဲ့၍ ကမ္ဘောဇအသင်း တစ်လုံးတည်းသော အနိုင်ဂိုးရရှိသွားသည်။

ယနေ့ပွဲ အနိုင်ရရှိလိုက်၍ ကမ္ဘောဇအသင်းမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံး၊ ၁၃ ဂိုးသွင်း၊ ၁၅ဂိုးပေး၊ ၂၀ မှတ်ဖြင့် ဆဌမနေရာသို့လည်းကောင်း၊ ပြည်ထဲရေးအသင်းမှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး၊ ၁၈ဂိုးသွင်း၊ ၂၂ ဂိုးပေး၊ ၁၈မှတ်ဖြင့် အဌမနေရာတွင်လည်းကောင်း ရောက်ရှိနေကြသည်။

အောင်ဆန်းကွင်း

စွမ်းအင် သုံးဂိုး
လယ်/ဆည် ဂိုးမရှိ

စွမ်းအင်အသင်းမှာ ယနေ့ပွဲ အနိုင်ရရှိလိုက်၍ တတိယနေရာမှ ပို့ဆောင်ရေးအသင်းကို ဖယ်ရှားပြီး တတိယနေရာသို့ ရောက်ရှိလာသလို လယ်/ဆည်အသင်းမှာလည်း ယခုပွဲ ရှုံးနိမ့်သွား၍ တန်းဆင်းဇုန်အဆင့် ၁၅သို့ ရောက်ရှိသွားသည်။

စွမ်းအင်အသင်းမှာ ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး၊ ၂၀ ဂိုးသွင်း၊ ၁၂ ဂိုးပေး၊ ၂၇မှတ်ဖြင့် တတိယနေရာသို့ ရောက်ရှိလာသည်။ လယ်/ဆည်အသင်းမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ကိုးပွဲရှုံး၊ ၁၀ဂိုးသွင်း၊ ၂၈ဂိုးပေး၊ ၁၀မှတ်ဖြင့် ရထားပို့ဆောင်ရေးအသင်းနှင့် ရမှတ်ရော အသားတင်ဂိုးပါတူသော်လည်း သွင်းဂိုးသာသော ရထားပို့ဆောင်ရေးက အဆင့် ၁၄တွင်လည်းကောင်း၊ လယ်/ဆည်က အဆင့်၁၅ တွင်လည်းကောင်း ရောက်ရှိနေသည်။

ကမ္ဘောဇတိုက်စစ်မှူး ထွန်းမင်းဦး ပြည်ထဲရေးနောက်ခံလူ အောင်မျိုးသူ ကာကွယ်ထားသည့်ကြားမှ ထိုးဖောက်ဂိုးသွင်းစဉ်။
(ကြေးမုံ)

အာရှယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲဝင်မည့် မြန်မာလူငယ်အမျိုးသမီးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ တွေ့ရစဉ်။ (ကြေးမုံ)

ယနေ့ပွဲ

သုဝဏ္ဏကွင်း
ဘဏ္ဍာ/အခွန် နှင့် သစ်တောရေးရာ
အောင်ဆန်းကွင်း
ပို့ဆောင်ရေး နှင့် စီးပွား/ကူးသန်း
(ကြေးမုံ)

အသက် (၁၉)နှစ်အောက် အာရှလူငယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ မြန်မာအသင်းယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် မတ် ၃

ထိုင်းနိုင်ငံတွင် မတ် ၅ ရက်မှ ၉ ရက်အထိ ကျင်းပမည့် ၂၀၀၆ ခုနှစ် အသက် (၁၉)နှစ်အောက် အာရှလူငယ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်မှူး ဦးစိုးမြင့်လွင် ခေါင်းဆောင်သော မြန်မာလူငယ် အမျိုးသမီးဘောလုံးအသင်းသည် ယနေ့ညနေ ၅နာရီ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာလူငယ် အမျိုးသမီးဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်၊ လက်ထောက်နည်းပြအဖြစ် ဦးအုန်းကြိုင်၊ ဆေးမှူးအဖြစ် ဒေါက်တာမော်လီချစ်၊ သူနာပြုအဖြစ် ဒေါ်အေးသီတာ၊ အားကစား သမားများအဖြစ် ဂိုးသမား ညိုညိုဝင့်၊ မြဖူးငုံ၊ ဇင်မင်းထွန်း နောက်တန်း-ခင်မျိုးဝင်း၊ မေသူဝင်း၊ သဲသဲချို၊ ဆုမွန်၊ ရီရီဦး၊ စိုးမိုးထွေး၊ ခင်ချောစုလှိုင်၊ စုစုဝေ၊ ဆုဖြိုးဝေ၊ အလယ်တန်း-နီလာမြင့်၊ နန်းကြေငုံ၊ အေးအေးမာ၊ သီရိမြတ်၊ သန္တာမိုး၊ ရှေ့တန်း ခင်မာလာထွန်း၊ မာဂရက်မေရီနှင့် မေသူထွန်းတို့ လိုက်ပါသွားကြသည်။ အားကစားသမား ၂၀ တွင် အား/ကာသိပ္ပံ မန္တလေးမှ ကိုးဦး၊ အား/ကာ သိပ္ပံ ရန်ကုန်မှ ခုနစ်ဦး၊ ဧရာဝတီတိုင်းမှ နှစ်ဦး၊ ပြည်ထဲရေးနှင့် ပို့ဆောင်ရေးမှ တစ်ဦးစီ ပါဝင်ကြသည်။

မြန်မာလူငယ်အသင်းသည် ခြေစစ်ပွဲအဖြစ် မတ် ၇ ရက်တွင် သြစတြေးလျ၊ ၉ ရက်တွင် အိမ်ရှင်ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။
(ကြေးမုံ)

ကြေးမုံ The Mirror ပြည်သူ့ထံမှပေးစာ

နတ်မောက်-ကျောက်ပုံ-ကျောက်ပန်းတောင်းလမ်း ကျောက်ချောလမ်း အဆင့်တိုးမြှင့်ပေးစေလို

စာတည်းခင်ဗျား-

မကွေးတိုင်း နတ်မောက်မြို့နယ်ရှိ ကျောက်ပုံကျေးရွာသည် နတ်မောက်မြို့၏ အနောက်မြောက်ဘက် မိုင် ၂၀ ခန့်အကွာတွင် တည်ရှိပါသည်။ ကျောက်ပုံရွာမှ နတ်မောက်မြို့သို့လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့သို့လည်းကောင်း သွားလာရန် ကိုယ့်အား ကိုယ်ကိုး ဖောက်လုပ်ထားသော မြေနီလမ်းသာရှိပြီး ပွင့်လင်းရာသီ၌ လွယ်ကူစွာ သွားလာနိုင်သော်လည်း မိုးရာသီတွင် အခက်အခဲရှိပါသည်။ သို့ဖြစ်ပါ၍ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျောက်ပုံကျေးရွာသားများ

စည်းကမ်းမဲ့ကွမ်းတံတွေးထွေးသူ အရေးယူပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက် အဆောက်အအုံများ၊ လမ်းများ၊ ပန်းခြံများ၊ ဈေးများ စသည်တို့ကို သက်ဆိုင်ရာက အဘက်ဘက်မှ ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

သို့သော်လည်း ကွမ်းစားပြီး ကွမ်းတံတွေးများ စည်းကမ်းမဲ့ထွေးမှုကြောင့် ယာဉ်များ၊ ရထားများ၊ လမ်းများပေါ်တွင် အကျည်းတန်သော မြင်ကွင်းများကို တွေ့နေရပါသည်။

အထူးသဖြင့် မော်တော်ယာဉ်၊ မီးရထားများပေါ်မှ စည်းကမ်းမဲ့ကွမ်းတံတွေး ထွေးသူများကြောင့် အခြားခရီးသည်အချို့နှင့် လမ်းမပေါ်မှ ခရီးသွားများမှာ ကွမ်းတံတွေးများ ပေကျံကြရပါသည်။

သို့ပါ၍ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးသူများအား လိုအပ်သလို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

လမ်းပေါ်မှအကင်ဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ လင်းဇင်းရပ် ပန်းခြံလမ်းပေါ်ရှိ ဆိုင်တစ်ဆိုင်သည် လူသွားစင်္ကြံပေါ်တွင် အသားကင်ခုံနှင့် မီးဖိုကိုတင်၍ လမ်းပိတ်ဆို့ရောင်းချနေပါသည်။

အဆိုပါဆိုင်အား စည်းကမ်းနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပန်းခြံလမ်းသား

လမ်းပေါ်ကအန္တရာယ် ရှင်းလင်းပေးစေလို

စာတည်းရှင့်-

ဒဂုံမြို့သစ်(တောင်ပိုင်း)(၁၈)ရပ်ကွက် ပုလဲရတနာလမ်းမပေါ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စိတ်မနှံ့သူဟု ယူဆရသူ လူတစ်ဦးအား လက်ခံထားရှိပါသည်။ ထိုသူသည် လမ်းမပေါ်တွင် မှန်များ၊ မီးချောင်းများကို မကြာခဏ ရိုက်ခွဲနေပါသဖြင့် လမ်းသွားလမ်းလာများ အန္တရာယ်မဖြစ်စေရန် သတိထားရှောင်ရှားနေကြရပါသည်။ သို့ပါ၍ ထိုသူအား သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပုလဲရတနာသူ

အိမ်သုံးမီတာဖြင့်လုပ်ငန်းလုပ်ကိုင်မှု ပေးစာနှင့်စပ်လျဉ်း၍ဆောင်ရွက်ပြီးစီး

၁၉-၁၁-၂၀၀၅ ရက် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ် (မြောက် ပိုင်း) မြို့နယ် (၃၂)ရပ်ကွက် စိမ်းလဲ့သာယာလမ်း "အိမ်သုံးမီတာဖြင့် လုပ်ငန်းလုပ်ကိုင်မှု တားဆီးပေးသင့်"ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

လောင်စာဆီရောင်းဝယ်မှု တားဆီးပေးပါ

စာတည်းရှင့်-

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် စက်မှုလက်မှု (၈)ရပ်ကွက်၊ (၆)လမ်းရှိ ရထားသံလမ်း ဘေးတွင် လောင်စာဆီများကို လက်လီလက်ကားရောင်းဝယ် နေပါသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်နေ ရပါသည်။

သို့ပါ၍ အဆိုပါ လောင်စာဆီရောင်းချနေခြင်းကို သက်ဆိုင်ရာမှ တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

မီးကြောက်သူ

အညော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနှင့် (၁၀၉) လမ်းထိပ်ရှိ ဆိုင်တစ်ဆိုင်မှ အကြော် အလှော်များကို ဆိုင်ပြင်ပတွင် နေ့စဉ် ကြော်လှော်နေသည့်အတွက် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအညော်နံ့များကို နေ့စဉ် ရှူရှိုက်နေရပြီး ကျန်းမာရေးထိခိုက်နေပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တောင်ညွန့်သူများ

ခွေးလေခွေးလွင့် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒဂုံမြို့သစ်(မြောက်ပိုင်း) (၂၈)ရပ်ကွက်တွင် ခွေးလေခွေးလွင့်များ ပေါများနေသဖြင့် လမ်းသွားလမ်းလာများ အနှောင့်အယှက် ဖြစ်နေရပါသည်။

သို့ဖြစ်ပါ၍ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

၂၈ ရပ်ကွက်သား

စည်းကမ်းမဲ့ လမ်းဘေးနေသူများ ရှင်းလင်းပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လမ်း(၃၀) (အထက်လမ်း) အနော်ရထာလမ်းထိပ်တွင် လူအချို့သည် အနီးအနားရှိ တိုက်ခန်းများ၏ လှေကား အတက်အဆင်းတွင် ထိုင်၍ ထမင်းစားခြင်း၊ အပေါ့အလေးများစွန့်ခြင်း၊ မကြားဝံ့မနာသာ အော်ဟစ် ဆဲဆိုနေခြင်းတို့ကြောင့် လမ်းသွား လမ်းလာများနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများမှာ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်း (၃၀)သား

မြွေဆိပ်ဖြေဆေး ကျေးရွာဆေးပေးခန်းသို့ လှူဒါန်း

မြစ်ငယ် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း လှူဒါန်းသော တစ်ဘူးသုံးလုံးပါ မြွေဆိပ်ဖြေဆေး ၁၀ ဘူးကို အမရပူရမြို့နယ် တမုတ်ဆိုး ကျေးရွာအုပ်စု ကန်ရိုးကျေးလက်ဒေသဆေးပေးခန်းသို့ လှူဒါန်းပွဲနှင့် တိုင်းအသင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ်နှစ်သိန်းကို ကန်ရိုးအခြေခံပညာ အထက်တန်းကျောင်း (ကျောင်းခွဲ)သို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းအစည်းအဝေး ခန်းမတွင် ကျင်းပသည်။

ဆက်လက်၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်က တောင်သူလယ်သမားများ အလိုအပ်ဆုံး မြွေဆိပ်ဖြေဆေး ၁၀ ဘူးကို ကျေးလက်ကျန်းမာရေးမှူး ဦးကျော်ဝင်းသန်းထံသို့ လည်းကောင်း၊ သိပ္ပံကျောင်းဆောင်သစ်အတွက် ငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုအေးထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။ **(၄၃၃)**

ရေစကြိုမြို့နယ်လုံးကျွတ် ကြက်ဆူပင်စိုက်ပျိုးမည်

ရေစကြို ဖေဖော်ဝါရီ ၂၃

မကွေးတိုင်းရေစကြိုမြို့နယ်ရှိကျေးရွာအုပ်စု ၈၉ အုပ်စုတွင် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့များ ပျိုးထောင်ခဲ့ရာ ယခု ဖေဖော်ဝါရီ တတိယအပတ်အထိ ပျိုးခြံ ၂၁၃ ခြံတွင် ပျိုးပင်ပေါင်း ၁၀၈၃၃၅၁၃ ပင် ပျိုးထောင်ပြီးဖြစ်သည်။ ရေစကြိုမြို့နယ်လုံးကျွတ် လျာထားဧက ၁၀၆၇၀ တွင် ပျိုးပင်ပေါင်း ၁၂၈၀၄၀၀၀ ပျိုးထောင်သွားမည်ဟု သိရှိရသည်။ **(၂၀၇)**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သည့် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(၁၂) လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၇ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြင့်လွင်နှင့် အင်ဂျင်နီယာမှူးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အကြိတ်အနယ် ယှဉ်ပြိုင်

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ပုသိမ်မြို့ တိုင်းအားကစားကွင်းကြီး၌ ကျင်းပရာ ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။ (၁၆၅)

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက် အမကကျောင်းအတွက် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ အလှူရှင် ဦးမြင့်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးလှထူးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၁၁၁)

ကောလင်းမြို့နယ် ရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ကောလင်း ဖေဖော်ဝါရီ ၂၅

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီ ၁၉ ရက်က ကောလင်းမြို့ ဆည်တိုကျေးရွာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုများက လမ်းဘေး ဝဲ၊ ယာ မြေယာ ၁၄ ဧကတွင် ကြက်ဆူပင် စိုက်ပျိုးပွဲတော်ကို ကျင်းပရာ ကျေးရွာအုပ်စု ကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပင် ၁၆၈၀၀ ပင်ကို စုပေါင်း စိုက်ပျိုးကြသည်။ **(၂၁၄)**

ဖားကန့်မြို့နယ် စာပေနှင့်စာနယ်ဇင်း စုံညီစည်းဝေး

ဖားကန့် ဖေဖော်ဝါရီ ၈

ဖားကန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၅ ခုနှစ် စုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ၊ အတွင်းရေးမှူး ဦးရဲထွန်းနိုင်၊ မြို့နယ်မှူးဦးမြင့်ဖေ၊ ဦးစီးမှူး ဦးစိုင်းမြင့်အောင်တို့နှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြသည်။ ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက် ကျင်းပရာအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်ဦး (မြတ်သူမင်း–ဥက္ကံ)၊ အတွင်းရေးမှူး ဦးမိုးစည်သူ (ထီးရိုပ်–ကြည်ဆန်း)၊ ဘဏ္ဍာရေးမှူး ဦးဝင်းရွှေ(စစ်ကိုင်း–ဝင်းရွှေ) တို့ ပါဝင်သော အမှုဆောင်အဖွဲ့နှင့် စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးစိုးနိုင်ဦး (မြတ်သူမင်း–ဥက္ကံ)အား ရွေးချယ်တင်မြှောက်ကြသည်။ **(၅၃၈)**

မနောသုခ ကတ္တရာထပ်ပိုးလွှာ လမ်းသစ် ဖွင့်လှစ်

ဘိုကလေး ဖေဖော်ဝါရီ ၂၀

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့မ (၇)ရပ်ကွက် မနောသုခလမ်း ကတ္တရာထပ်ပိုးလွှာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါလမ်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းလမ်းမှာ အရှည် ၁၁၆၄ပေ၊ အကျယ် ၁၀ပေ ရှိသည်။ **(မြို့နယ်စည်ပင်)**

မသင်္ကာသူကို ခေါ်ယူစစ်ဆေး စက်ဘီး ခိုးမှုများဖော်ထုတ်နိုင်

ရမည်းသင်း ဖေဖော်ဝါရီ ၂၇

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၂၂ရက် နံနက် ၉နာရီခန့်က မှုခင်းကျဆင်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် မြို့ပေါ် (၅)ရပ်ကွက်အတွင်း လှည့်လည်စဉ် မြို့မဈေးအနီး၌ မသင်္ကာဖွယ်ရာ တွေ့ရှိရသော မာတောက်အသက်(၃၆)နှစ်၊ (ဘ)ဦးအေးမြင့် ကြည်တော်ကုန်းရပ်ကွက် နေထိုင်သူအား ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ လွန်ခဲ့သော နှစ်လခန့်က မြို့မဈေးအရှေ့ဘက်မှ ခိုးယူခဲ့သော Wuyang စာတန်းပါ ၂၆လက်မဆိုဒ် အနက်ရောင် မိန်းမစီးစက်ဘီးတစ်စီးကိုဆည်ကြီးရွာနေ မချိုထံ ကျပ် ၇၀၀၀ ဖြင့်ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ယင်းစက်ဘီးအား သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခဲ့သည်။

ဆက်လက် စစ်ဆေးဖော်ထုတ်ချက်များအရ နောက်ဆက်တွဲအမှုများ ထပ်မံပေါ်ပေါက်လာခဲ့ပြီး မာတောက် အကြိမ်ကြိမ်ခိုးယူခဲ့သော စက်ဘီး ၁၀ စီးကိုထပ်မံသိမ်းဆည်းရရှိခဲ့သည်။ **(အောက်ပုံ)**

အမှုများနှင့်ပတ်သက်၍ မာတောက် (၃၆)နှစ် (ဘ)ဦးအေးမြင့်၊ ကြည်တော်ကုန်းရပ်၊ ရမည်းသင်းမြို့နေ နေထိုင်သူအား ပ–၂၇/၂၀၀၆ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အရ အမှုဖွင့်ကာ အမှုလိုက်အရာရှိ ဒုရဲအုပ်ကြည်လင်းက တရားစွဲဆိုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၁၅)

ဖဲကြိုးဖြတ်ဖွင့်လှစ်

သဲကုန်းမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အားကစားကွက်သစ် (၂) လမ်း ကျောက်ချောလမ်းဖွင့် ပွဲကို ဖေဖော်ဝါရီ ၁၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေးနိုင်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးတင်မောင်ဌေးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကတ္တရာလမ်းအဆင့်မြှင့်တင်

ချောင်းဦး ဖေဖော်ဝါရီ ၁၅

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် မြို့သန့်ရှင်း သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြ မြေသားလမ်း နှစ်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၅ ရက်က မီးရှူးလမ်း ကတ္တရာအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအား အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို ပေါင်မြို့နယ် သဲအိမ် ကျေးရွာရှိ ရွှေအလင်းရောင် စာကြည့်တိုက်သို့ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော စာအုပ် မျိုးစုံကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် သထုံမြို့နယ်နှင့် ပေါင်မြို့နယ်အတွင်းရှိ ရေလှောင်တမံများနှင့် ရေထိန်းတံခါးတည်ဆောက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

မွန်ပြည်နယ် သထုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် သထုံမြို့နယ် မရမ်းကုန်းရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး က ဒီရေကျချိန်တွင် ကုန်းတွင်းပိုင်းမှ ပိုလျှံရေများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှု သက်သာစေရန် ရေထိန်းတံခါးတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် လယ်မြေဧက ၇၅၀၀ ကို အကျိုးပြုနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူးဦးလှမြင့်က ရေထိန်းတံခါး၏ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် က ရေထိန်းတံခါးတည်ဆောက်မှု စီမံကိန်းမှ ပေါ်ထွက်လာမည့် ဂဝံကျောက်များဖြင့် ကျေးရွာလမ်းများတွင် အကျိုးရှိစွာ အသုံးပြုနိုင်မှုနှင့် ရေတော် မိုးတော်စပါး စိုက်ပျိုးနိုင်မည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲ ရှုချင်စဖွယ်(အဖြူအမည်း) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကိုအောင်မျိုး၏ ဓာတ်ပုံ။

ပုသိမ်–သလပ်ခွာ–မော်တင်စွန်းလမ်း တိုးချဲ့ဖောက်လုပ် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဘုရင့်နောင်–ပုသိမ်လမ်းအတိုင်း ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက်၌ လမ်းများအဆင့်ဆင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်မြို့သို့ ရောက်ရှိသည်။

ဖြည့်ဆည်းပံ့ပိုး

ဆက်လက်၍ ဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပုသိမ်ခရိုင်က ဆောင်ရွက်လျက်ရှိသော လမ်းသား ပေ ၃၀ အကျယ်ရရှိအောင် စက်ယန္တရားကြီးများဖြင့် လမ်းသားချဲ့ဆောင်ရွက်ခြင်းလုပ်ငန်း၊ ချောင်း ကျောက်စရစ် ခင်းကြိတ်ခြင်းလုပ်ငန်း၊ ရေမြောင်း တူးဖော်ခြင်းလုပ်ငန်း၊ ပြီးစီးနေပြီဖြစ်သည့် ရေပြွန်များ၊ သစ်သားတံတားများကို မော်တင်စွန်းအထိ လမ်းတစ်လျှောက်၌ ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

သွားလာနိုင်

ပုသိမ်–သလပ်ခွာ–မော်တင်စွန်းလမ်းမှာ ပုသိမ်မြို့မှ ၁၀၂ မိုင်ကွာဝေးပြီး ယခင်တစ်ကြောင်းထိုး မြေလမ်းအဆင့်မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ ၃၀ အကျယ် လမ်းတာပေါင်ချဲ့ခြင်း၊ အမာခံ ချောင်း ကျောက်စရစ်ခင်းခြင်း၊ လိုအပ်သည့်ရေပြွန်များ၊ သစ်သားတံတားများ တည်ဆောက်ပေးခြင်းဖြင့် ယခုအခါ မော်တင်စွန်းဘုရားပွဲ အမီ အပြီးဆောင်ရွက်ပေးခဲ့ပြီး ဘုရားဖူးကားများ နေ့ချင်းပေါက် ငါးနာရီဖြင့် သွားလာနေကြပြီဖြစ်သည်။ ထို့အပြင် ယခင်က ရေလမ်းကြောင်းတစ်ခုတည်းကိုသာအဓိကထားသွားလာနေရသည့် အနီးအနားကျေးရွာနေ ပြည်သူများသည် ခရီးသည်တင်ကားများဖြင့် ယခုလမ်းခရီးကို အသုံးပြုကာ လွယ်လင့်တကူ သွားလာနိုင်ကြပြီဖြစ်သည်။

(သတင်းစဉ်)



မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲ အကောင်းဆုံးဓာတ်ပုံပညာရှင်ဆု ကိုထင်အောင်(အင်းစိန်) ရရှိ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၄၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံး ဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲကြီးကို ပြိုင်ပွဲကျင်းပရေးကော်မတီက ရှုချင်စဖွယ်(အဖြူအမည်း)၊ လူပုံဆေးရောင်စုံ၊ ရှုချင်စဖွယ်ဆေးရောင်စုံ၊ ဒစ်ဂျစ်တယ်၊ ဆေးရောင်စုံ(ဆလိုက်)ဟူ၍ ကဏ္ဍငါးရပ် ခွဲခြားကျင်းပပေးခဲ့ရာ ပြိုင်ပွဲကဏ္ဍ ငါးရပ်စလုံးတွင် ပါဝင်ယှဉ်ပြိုင်ပြီး ယင်းပြိုင်ပွဲ ကဏ္ဍများအနက်မှ တစ်ကဏ္ဍတွင် ပထမဆုတစ်ဆုရရှိ၍ အမှတ်အများဆုံးရရှိသော ကိုထင်အောင် (အင်းစိန်) (၆၈၃၇) AMPS မှာ ၂၀၀၆ ခုနှစ်၏ အကောင်းဆုံးဓာတ်ပုံပညာရှင် (The Best Photographer of the Year 2006) တံခွန်စိုက် ဆုကြီးကို ဆွတ်ခူးရရှိသွားသည်။

ထုတ်ပြန်

(၄၂) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲကြီး၏ ဆုရစာရင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ထုတ်ပြန်ပေးခဲ့ရာ

စာမျက်နှာ ၉ ကော်လံ ၃ သို့ ●

ရှုချင်စဖွယ်

ကိုထင်အောင်(အင်းစိန်) ၏ ရှုချင်စဖွယ် (အဖြူ အမည်း) ကဏ္ဍတွင် နှစ်သိမ့်ဆုရဓာတ်ပုံ။